# ကရင်နီ
# ရိုးရာပုံပြင်များ

ကျိၣ်တၢ်ရၤလီၤလံာ်လဲၢ်တၢ်မၤကရူၢ်
Drum Publication Group

ကရင်နီရိုးရာပုံပြင်များ

Karenni Folklore (Burmese Version)

Drum Publication Group
P.O Box 66
Kanchanaburi 71000
Thailand

drum@drumpublications.org
www.drumpublications.org

November, 2009

ISBN  978-616-7225-08-1

# မာတိကာ


| | |
|---|---|
| နေကြတ်သည့်နေ့မှာအမျိုးသမီးများရေမချိုးရ | ၁ |
| ဆောင်လေဒူတောင် | ၃ |
| ကေးထိုးဘိုးခေါ်တံခွန်တိုင်ပွဲတော် | ၅ |
| ခူးဝယ်စူး | ၈ |
| ငွေဖါးစည်ကြီး | ၁၀ |
| ဖိုးဒွတ် | ၁၂ |
| စဲပယ် | ၁၄ |
| နတ်သမီးလေးရှူးနော်မို | ၁၆ |
| လူစွမ်းကောင်းသွပ်အိ | ၁၈ |
| ဝါးပိုး | ၁၉ |
| ပွါစိုးခို့ရှာတွေ့ရှိပုံ | ၂၁ |
| ညဥ့်ငှက်နှုတ်သီးကျယ်ရသည့်အကြောင်း | ၂၂ |
| ကရင်နီအမျိုးသမီးများရဇဝင် | ၂၄ |
| လူသားတို့ဆင်းသက်လာပုံအဆင့်ဆင့် | ၂၇ |
| လူ့ဘဝဒုတိယအဆင့် | ၄၁ |
| တတိယအဆင့် | ၄၆ |
| စတုတ္ထအဆင့် – လူမျိုးစုများ၏ဖခင် | ၄၉ |

# စကားချီး

ယနေ့အချိန် ကမ္ဘာတစ်ဝှမ်း၌ လူမှုအဖွဲ့အစည်းများစွာ ရှိကြသလို မြန်မာပြည်အတွင်းနှင့်ထိုင်း–မြန်မာနယ်စပ်တစ်လျှောက် တိုင်းရင်းသားလူမျိုးများအသီးသီးအကြား၌လည်း လူမှုအဖွဲ့အစည်းများစွာရှိသည်ကိုလည်း တွေ့ရပေမည်။ ရှေးကရင်လူမျိုးများ၏လူနေမှုဘဝ၊ စားဝတ်နေရေး အသက်မွေးဝမ်းကြောင်းများအကြောင်းကို လူကြီးသူမများထံမှ ကြားဖူးနားဝရှိသကဲ့သို့ အခြားမြန်မာပြည်တိုင်းရင်းသားလူမျိုးများ၏ကိုယ်ရေးရာဇဝင်များမှာလည်း ဤနည်းတူပင်ဖြစ်သည်။ တိုင်းရင်းသားများ၏ယဉ်ကျေးမှုနှင့်ရိုးရာထုံးတမ်းစဉ်လာအကြောင်းအရာများကို ရှေးလူကြီးများအနေနှင့်အတိတကျစုစည်းမှတ်သားခဲ့ခြင်းမရှိသဖြင့် ကျွန်ုပ်တို့ကြားသိခဲ့ရသော အကြောင်းအရာများမှာ ပုံပြင်များကဲ့သို့ဆင်တူယိုးမှားဖြစ်သော်လည်း ဤအကြောင်းအရာများမှာ ရှေးလူကြီးများဖြတ်သန်း ကျော်လွှားသွားခဲ့ရသော အတွေ့အကြုံပါးစပ်ရာဇဝင်များဖြစ်သည်။

မြန်မာပြည်တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းစဉ်လာများ ပြန်လည်ဖော်ထုတ်ရေးအတွက် Drum Publication Group မှရည်ရွယ်ထားခဲ့ပါသည်။ ထို့အပြင် တိုင်းရင်းသားအချင်းချင်းများအကြား၌လည်းတစ်ဦး၏အကြောင်းကို တစ်ဦးကနားလည်သဘောပေါက်ပြီး လူမှုအသိုင်းအဝိုင်းထဲမှလည်း ရင်းနှီးချစ်ခင်မှုများ ပို၍ထူထောင်လာနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ နားလည်သဘောပေါက်ရန်အတွက် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို နားလည်သိရှိထားရမည်။ လွန်ခဲ့သည့်နှစ်များတွင် Drum မှကရင်အမျိုးသားများ၏ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းများနှင့် ရိုးရာပုံပြင်များကို ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ဤကဲ့သို့ပင်အခြားတိုင်းရင်းသားများ၏ ယဉ်ကျေးမှုရိုးရာဓလေ့ထုံးတမ်းများကို လည်းထုတ်ဝေရန်ရည်ရွယ်ချက်ရှိခဲ့သည့်အတိုင်း အချိန်အခါကျရောက်ခဲ့သဖြင့် Drum မှကရင်နီအမျိုးသား၏ ယဉ်ကျေးမှုရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့်ပတ်သက်သည့် ရိုးရာပုံပြင်များကို ယခုစီစဉ်ပုံနှိပ်ထုတ်ဝေလိုက်ပါသည်။

လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုနှင့်ရိုးရာဓလေ့ထုံးတမ်းများမှာ အလွန်ပင်သိမ်မွေ့၊ နက်နဲကျယ်ဝန်းလှသည်ဖြစ်ရာ Drum မှသုတေသနပြုရှာဖွေစုဆောင်းပြီး ယခုပြုစုထုတ်ဝေခဲ့သော အချက်အလက်များ၊ဤစာအုပ်တွင်ချွတ်ယွင်းသည့် အချက်အလက်များ၊ မပြည့်စုံသေးသည့်အချက်အလက်များ ရှိကောင်းရှိပေလိမ့်မည်။ ဤချွတ်ယွင်းချက်များ၊ မပြည့်စုံသေးသည့်အချက်အလက်များကို တွေ့ရှိခဲ့ပါက နောင်လာမည့်စာအုပ်သစ်များထုတ်ဝေဖို့ အခွင့်အရေးရှိခဲ့ပါက အလိုရှိသလို ပြင်ဆင်ဖြည့်စွက်ရိုက်နှိပ်ထုတ်ဝေမည်ဖြစ်သည်။ အနာဂတ်တွင် ကရင်နီလူမျိုးများ၊ ကရင်နီလူမှုအဖွဲ့အစည်းနှင့်လူမှုအသိုင်းအဝိုင်းများနှင့် ထိရောက်စွာပူးပေါင်းလုပ်ကိုင်နိုင်ဖို့ Drum Publication Group မှစောင့်စားမျှော်လင့်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် Drum အနေနှင့် အထူးကြိုးပမ်းခဲ့ပါသည်။ သို့သော် ဆက်သွယ်ရေးအခက်အခဲများကြောင့် ကရင်နီလူမှုအသိုင်းအဝိုင်းများ၏ဝိုင်းဝန်းကူညီထောက်ပံ့မှုကိုထင်သလောက်မရရှိခဲ့သဖြင့် စာကြည့်တိုက်မှစုဆောင်းထားသော ကရင်နီလူမျိုးများ၏ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးတမ်းများစာအုပ်မှရရှိသောရိုးရာ ပုံပြင်များနှင့်ပုံပြင်တစ်ချို့ကို စိတ်ပါလက်ပါကူညီရေးသားပေးခဲ့သော သူများကိုလည်း လှိုက်လှဲစွာကျေးဇူးတင်ရှိကြောင်းဖော်ပြအပ်ပါသည်။

Drum Publication Group
နိုဝင်ဘာလ၊ ၂၀၀၉ နှစ်



# နေကြတ်သည့်နေ့မှာ
## အမျိုးသမီးများရေမချိုးရ



ကယမ်းအမျိုးသားတို့တွင် နေကြတ်သည့်နေ့မှ၌ အမျိုးသမီးများရေမချိုးရဆိုသည့်ဓလေ့ထုံးစံရှိသည်။ ယင်းဓလေ့ထုံးစံဖြစ်ပေါ်လာရခြင်းနှင့်ပတ်သက်သောပုံပြင်မှာ ရှေးအခါကကယမ်းအမျိုးသားသားအမိတစ်စုရှိလေသည်။ တစ်နေ့သောအခါအမေသည်သမီးကို၎င်းသို့မှာကြားခဲ့သည်။ "သမီးရေ၊ အိုးထဲမှာရှိတဲ့ပိန်းဥဖြူကိုအောက်မှာထား၊ ပိန်းဥနီကို အပေါ်မှာထားပြီးချက်ပါ။ ငါမကြာမီပြန်လာခဲ့မယ်" ဟုမှာခဲ့ပြီး အပြင်သို့ထွက်သွားလေသည်။ မိခင်မှာခဲ့သည့်စကားများကိုသမီးကနားကြားမှားပြီး "မောင်လေးရဲ့ခန္ဓာကိုယ်အပေါ်ပိုင်းကို အိုးအောက်မှာထား၊ ခေါင်းကိုအိုးပေါ်မှာထား၍ချက်ပါ" ဟုထင်သဖြင့် သူ့မောင်လေးကိုသတ်ပြီး ကိုယ်အပေါ်ပိုင်းကို အိုးအောက်မှာထားကာ ခေါင်းကိုအိုးပေါ်မှာထားပြီး ချက်လိုက်သည်။ မိခင်ပြန်လာ၍ သားငယ်ကိုမတွေ့ရသဖြင့်မေးရာ သမီးက "မောင်လေးအိုးထဲမှာ ပုန်းနေတယ်" ဟုပြောလေသည်။ ထိုအခါ မိခင်သည်အိုးထဲကိုသွား၍ကြည့်သည့်အခါ သူ့သားငယ်ကို သမီးက

သတ်ထားမှန်းသိပြီး သမီးကိုရိုက်နှက်၍ အိမ်ပေါ်မှနှင်ချလိုက်သဖြင့် သမီးလည်းငိုယို ကာအိမ်မှဆင်းသွားလေတော့သည်။ သူမလမ်းထိပ်ရောက်တဲ့အခါမှာဖခင်ဖြစ်သူနှင့် တွေ့လေသည်။ ဖခင်က သမီးကိုအကျိုးအကြောင်းမေးသော် သမီးကမိခင်ရိုက်နှက်၍ အိမ်ပေါ်မှဆင်းလာရကြောင်း ပြောပြလေသည်။

ထိုအခါဖခင်က သမီးကိုအိမ်သို့ပြန်ခေါ်လာခဲ့သည်။ အိမ်ပြန်ရောက်သည့်အခါ မိခင် ကအဖြစ်မှန်ကိုပြန်ပြောပြသောအခါ ဖခင်လည်းဒေါသထွက်ပြီး သမီးကိုရိုက်လွှတ်ပြန် သောကြောင့် သမီးဖြစ်သူခမျာ အိမ်ပေါ်မှဆင်းပြီးရောက်တတ်ရာရာသို့လျှောက်၍ သွားလေသည်။ လမ်းတွင် အဖွားနှင့်တဖန်တွေ့ဆုံပြန်လေသည်။ သူမက အဖွားကို လည်းလိမ်ညာပြီး မိခင်ဖခင်တို့ကရိုက်နှက်၍ အိမ်မှဆင်းလာရကြောင်းပြောသောအ ခါ အဖွားကလည်း သူ့မြေးမကိုအိမ်သို့ပြန်၍ခေါ်ခဲ့ပြန်သည်။ အိမ်ရောက်လျှင်အဖွား ကအဖြစ်မှန်ကိုသိပြန်သဖြင့် အဖွားကပါသူ့မြေးမအားရိုက်နှက်၍အိမ်ပေါ်မှနှင်ထုတ် ပြန်လေသည်။

သမီးဖြစ်သူလည်းသွားရင်းသွားရင်းနှင့် တောနက်ထဲသို့ရောက်သွားလေသည်။ မိ ခင်၊ ဖခင်နှင့်အဖွားတို့ကလည်း သူ့ကိုအလွန်ဒေါသထွက်သဖြင့် ထပ်၍ရိုက်နှက်ရန် နောက်မှလိုက်လာကြလေသည်။ ထို့ကြောင့် မိန်းကလေးမှာ သစ်ပင်ပေါ်သို့တက်၍ ပုန်းနေရသည်။ မိခင်၊ ဖခင်နှင့်အဖွားတို့သည် မိန်းကလေးသစ်ပင်ပေါ်သို့ တက်နေ သည်ကိုသိလျှင် သစ်ပင်ကိုခုတ်လဲကြလေသည်။ ထိုအခါ မိန်းကလေးကသစ်ပင်မလဲ ပါစေနှင့်ဟုဆုတောင်းသဖြင့် သစ်ပင်မလဲသွားပေ။ ခဏကြာသော်လင်းတတစ်ကောင် ကသူ့ကိုလာချီသွားပြီး နေဗိမာန်တွင် သွား၍ထားလေသည်။ နေနတ်သားကအကျိုး အကြောင်းမေးမြန်းသောအခါ မိန်းကလေးက လူတွေနှင့်မသင့်မြတ်၍ လူတွေနှင့်အ တူ မနေလိုတော့ကြောင်းပြောသည်။ ထိုအခါ နေနတ်သားက လနတ်သားနှင့်နေမ လားဟုမေးရာမိန်းကလေးငိုယိုပြလေသည်။နောက်တစ်ဖန်နေနတ်သားနှင့်နေမလား ဟုထပ်၍မေးရာ မိန်းကလေး၏မျက်နှာသည်ပြုံး၍နေလေသည်။ ထို့ကြောင့်နေနတ် သားသည် မိမိနှင့်ပင် အမျိုးသမီးကလေးအား နေစေတော့သည်။ ထိုအခါမှစ၍ နေ ကြတ်သည့်အခါတွင် ဝမ်းနည်းသည့်အထိမ်းအမှတ်ဖြင့် အမျိုးသမီးများရေမချိုးကြ ပေ။

# ဆောင်လေဒူတောင်



ဆောင်လေဒူတောင်နှင့်ပတ်သက်၍ ယင်းဘော်တို့ပုံပြင်၌ လွိုင်ကော်မြို့မှအနောက်ဖက်စူးစူးသို့ကြည့်လိုက်လျှင် အခြားတောင်များထက် မြင့်မားသောတောင်တစ်လုံးရှိသည်။ ထိုတောင်မှာ ဆောင်လေဒူတောင်ဖြစ်ပြီး ရှမ်းဘာသာအားဖြင့် လွိုင်နန်းဖဟုခေါ်၍ မြန်မာလိုနတ်သမီးတောင် (လွိုင်=တောင်၊ နန်းဖ =နတ်သမီး) ဟုခေါ်သည်။ ယင်းဘော်စကားဖြင့် ထိုတောင်ကို ဆောင်လေဒူတောင်နှင့် မြန်မာလို စွန်တောင်ကြီး (ဆောင်=တောင်၊ လေ=စွန်၊ ဒူ=ကြီး) ဟုအဓိပ္ပါယ်ရပြန်သည်။ ကမ္ဘာကြီးကို ရေလွှမ်းမိုးသောအခါတွင် ဆောင်လေဒူတောင်မှစွန်ငှက်တကောင်စာခန့်ရေပေါ်တွင်ပေါ်နေသောကြောင့် စွန်တောင်ကြီးဟုခေါ်လေသည်။

ထိုတောင်သည် မြင့်မြတ်၍ ပိုင်ရှင်စိုက်ထားသကဲ့သို့ ငရုတ်ပင်၊ ခရမ်းပင်များရှိသည်။ မြင်းခြေရာနှင့်မြင်းချေးများကိုလည်းတွေ့ရသည်။ ယင်းဘော်တို့သည် ထိုတောင်ကို

တက်လျှင် ကျင်ကြီးကျင်ငယ်များအရမ်းမစွန့်ကြပဲ ဝါးဗူး၊ ဝါးကျည်တောက်များတွင် သာစွန့်ကြသည်။ ၁၉၄၂ ခုနှစ်ဖေဖော်ဝါရီလနှင့်ဩဂုတ်လတွင် ဂျပန်များက ကယားပြည်ရှိ ကျေးရွာများသို့ ဝင်ရောက်နှောင့်ယှက်သည့်အခါ၌ ရွာသူရွာသားများအားသတိပေး သည့်အနေဖြင့် တောင်မှမောင်းတီးသံများထွက်ပေါ်လာသည်ဟု ယင်းဘော်တို့ပြော လေ့ရှိကြသည်။ ထိုတောင်ပေါ်တွင် နတ်သစ်ရွက်တစ်မျိုးရှိသည်။ ယင်းနတ်သစ်ရွက် သည်အနာရောဂါများကို ချက်ချင်းပျောက်အောင် ကုသနိုင်သောသတ္တိထူးရှိသည်ဟု ယင်းဘော်တို့ယုံကြည်ကြလေသည်။

# ကေးထျိုးဘိုး (ခေါ်) တံခွန်တိုင်ပွဲတော်



ကေးထျိုးဘိုး (ခေါ်) တံခွန်တိုင်ပွဲတော်ဖြစ်ပေါ်လာပုံနှင့်သက်ဆိုင်သောရိုးရာပုံပြင်မှာလည်းအထူးစိတ်ဝင်စားဖွယ်ရာကောင်းလှပေသည်။ ကရင်နီအမျိုးသားအနွယ်ဝင်များ၏ဘိုးဘွားအစဉ်အဆက်သည်ရှေးအခါကမိုးထိလုနီးပါးအလွန်မြင့်မားသည့်အခြားကမ္ဘာတောင်ထိပ်တခုတွင်နေထိုင်ကြပြီး တစ်နှစ်တစ်ကြိမ်ကွယ်လွန်သူအကြီးအကဲများနှင့်မိဘများကို တိုင်အမျိုးမျိုးစိုက်ထူကာ ပူဇော်ပသပွဲများကျင်းပ၍ကန်တော့ကြသည်ဟုဆိုသည်။ ဤကဲ့သို့ ပူဇော်ပသပွဲများကျင်းပသောအခါ စိုက်ထူရန်တိုင်များအတွက် ဖိုဟဲ့ခေါ်အပင်ကို ရွေးချယ်၍ပြုလုပ်ကြသည်။ ပထမအမတိုင်ကိုခုတ်ဖြတ်၍ စိုက်ထူကြပြီးနောက် တိုမော်ခေါ်အပင်ကိုခုတ်ဖြတ်၍ အဖိုတိုင်ပြုလုပ်ကြသည်။ နောင်အခါတွင် ကယားဘာသာဖြင့် ထျိုးဘိုးတိုင်ဖြစ်လာလေသည်။ ထိုမှတဆင့် ကေးထျိုးဘိုးတံခွန်တိုင်ဟုအမည်တွင်လာသည်။

အလွန်မြင့်မားသော အခြားကမ္ဘာတောင်ထိပ်နေရာတွင် နေထိုင်ကြသောကရင်နီအမျိုးသားဘိုးဘေးဘီဘင်များသည် နှစ်ပေါင်းများစွာကြာလာသောအခါ ကမ္ဘာမြေပြင်အရပ်ရပ်သို့ဆင်းသက်လာခဲ့ကြသည်။ မိမိတို့နေထိုင်ရာနေရာကိုရွေးချယ်သည့်အခါ ထိုနေရာသစ်မှာ ကျောက်တံခါးကြီးကပိတ်နေသဖြင့် ကျောက်တံခါးကြီးကိုအလွန်ခဲယဉ်းစွာ နည်းအမျိုးမျိုးတို့ဖြင့်ထိုးဖောက်ကြရာ နောက်ဆုံးတွင် ထမြောက်အောင်မြင်ခဲ့ကြပြီးလျှင် ကျောက်တံခါးကြီးမှာ ပြိုပျက်၍သွားလေသည်။ တံခါးကြီးကိုချိုးဖောက်၍လာကြသောလူများနှင့်တိရစ္ဆာန်များသည်အင်းကြီးတစ်အင်းကိုဖြတ်ကျော်၍တဖက်ကမ်းတွင်အခြေစိုက်ကာနေထိုင်ကြသည်။ ထိုနေရာမှာအလွန်အေးချမ်းသာယာသဖြင့် လူတို့သည် မိမိတို့နေရာဟောင်းတွင် နေထိုင်စဉ်က ပြုလုပ်စမြဲဖြစ်သည့်ကေးထိျုးဘိုးပွဲများကိုသတိရလာကြသဖြင့် ထိုပွဲမျိုးကိုကျင်းပ၍ကခုန်ကြရန် ကြံစည်ကြလေသည်။ သို့ဖြစ်၍ တံခွန်တိုင်များကိုစိုက်ထူကြလေ၏။

အစပထမတွင် တံခွန်တိုင်များအတွက် သစ်ရာ၊ အင်ကြင်းစသည့်သစ်များကို အသုံးပြုကြသည်။ ယင်းသစ်များမှာ အဆီထွက်ပြီးပေကျံတတ်သဖြင့် နောင်အခါတွင်ကျွန်းသစ်များဖြင့် တံခွန်တိုင်ကိုထူကြသည်။ ရှေးအခါက တိုင်စိုက်ထူသည့်အခါတွင် ညဉ့်စိုက်ထူလေ့ရှိရာ တိုင်များမကြာခဏလဲသဖြင့် နတ်မင်းကြီးအား မေးမြန်းလျှောက်ထားသောအခါ နေ့တွင်ကေးထိျုးဘိုးတိုင်များကိုစိုက်ထူပြီးကေနတ် (တောနတ်) ကိုပူဇော်ပသသည့်အခါ နေ့ဖက်တွင်ပြုလုပ်ရန် အမိန့်ချမှတ်လေသည်။ ထိုအချိန်မှအစပြု၍ တံခွန်တိုင်များကို ကရင်နီအမျိုးသားများက နေ့ဖက်တွင်စိုက်ထူလေ့ရှိပြီးညနေဖက်တွင် တောကောင်ကိုလိုက်လေ့ရှိကြသည်။ ဖိုတိုင်များကို စိုက်ထူပြီးသောအခါ လူတို့သည် ကောင်းကင်ဘုံ၌ရှိသော ဘိုးဘွားများအား ရည်စူးပူဇော်ကာတပျော်တပါးကခုန်မြူးထူးကြသည်။

ထိုပွဲကိုစတင်ကျင်းပစဉ်အခါတုန်းက ထိုသူများတွင် ပုံ၊ နှဲ၊ လင်းကွင်းစသည့် တူရိယာများမရှိချေ။ လင်းကွင်းအစား လက်ဝါးချင်းတီးခတ်၍လည်းကောင်း၊ ပုံအဖြစ်ရင်ပတ်ကိုတီးခတ်၍လည်းကောင်း၊ မောင်းအဖြစ်လည်းကောင်းကခုန်ကြရသည်။ ထို့နောက်ရှဉ့်အသံကိုတု၍ ပါးစပ်ဖြင့်မှုတ်ရသည့်ပွေကို တီထွင်ကြသည်။ လိပ်ပြာတောင်ပံခတ်

သံကိုတု၍ ဝါးလက်ခုပ်ကို တီထွင်ကြသည်။ ကျောက်ခေါင်းမှ ဟိန်းသည့်အသံကိုတု၍ပုံကိုတီထွင်ကြသည်။ နောင်အခါတွင် သစ်ပင်၏ပင်စည်ကိုထွင်းပြီး ပုံအဖြစ်ပြုလုပ်ကြသည်။

တူရိယကိုတီးမှုတ်သူများက တီးကြမှုတ်ကြပြီး ကျန်လူအချို့ကစည်းချက်၊ ဆိုင်းချက်အလိုက် ကိုယ်ကိုယ်မိမ်းကာ ခြေကိုကွေး၍ရှေ့ထိုးနောက်ငင်နှစ်ခါ၊ သုံးခါပြုလုပ်ရုံမျှဖြင့် မိုးစ၍အုံ့လာပြီး မိုးတဖွဲဖွဲကျလာလေသည်။ ထိုအချိန်မှစ၍ ယခုကာလတိုင်အောင် ရာသီအလိုက်၊ ဒေသအလိုက်နှစ်စဉ်နှစ်တိုင်းတံခွန်တိုင်ပွဲ သို့မဟုတ် မိုးခေါ်ပွဲကိုကျင်းပကြလေသည်။ ယင်းပွဲကို နွေရာသီသကြ်ာန်ပွဲပြီးခါစလောက်တွင် ကျင်းပလေ့ရှိပြီး ကောက်ပဲသီးနှံများဖွံ့ဖြိုးစေခြင်းငှာရည်ရွယ်၍ ကျင်းပခြင်းဖြစ်လေသည်။

# ခူးဝယ်စူး



လွန်လေပြီးသောအခါက ရွာတစ်ရွာတွင် မိဘမဲ့လေးခူးဝယ်စူးသည် သူ၏အဖွားနှင့်အတူ တဲလေးတစ်လုံးထဲတွင် နှစ်ယောက်သားနေထိုင်ကြသည်။ ထိုရွာတွင် အိမ်အသစ်ဆောက်လုပ်သောနေ့တွင် ငါးဟင်းများသာ ချက်စားကြရမည်။ အသားမစားရဟုဆိုသော ရှောင်ကျဉ်ရမည့် မိရိုးဖလာဓလေ့ထုံးတမ်းတစ်ခုရှိသည်။ သို့ဖြင့် တစ်နေ့ အိမ်အသစ်ဆောက်လုပ်ကြလေရာ ရွာသူရွာသားများက တစ်ယောက်ကို တစ်ယောက် ဖိတ်ခေါ်ကြပြီး ငါးသွားဖမ်းစားကြသည်။ မိဘမဲ့လေးခူးဝယ်စူးလဲရွာသားများနှင့်အတူပါသွားသည်။

ရွာသူရွာသားများငါးထွက်ရှာ၍ တစ်နေကုန်သွားပြီး ညနေစောင်းအချိန်သို့ ရောက်လာသော်လည်း ငါးတစ်ကောင်မျှရှာ၍ မရကြချေ။ သို့ဖြင့်ရွာသူရွာသားများဗေဒင်တွက်ကြည့်သည့်အခါ မိဘမဲ့လေးခူးဝယ်စူးကြောင့် သူတို့ငါးမရကြကြောင်း သိသွားသည်။ သူတို့သည် ခူးဝယ်စူးကိုသတ်ပြီး ယစ်ပူဇော်တင်မှသာလျှင် ငါးများရကြမည်ဖြစ်သဖြင့် ရွာသူရွာသားများသည် ခူးဝယ်စူးကိုသတ်ပြီး ယစ်ပူဇော်ကာအလှူဒါန်းပြု

လိုက်သည်။ ထိုသို့ယစ်ပူဇော်ပြီး မကြာခင် မိုးကောင်းကင်သည် တိမ်တိုက်များနှင့် မှောင်မဲကျလာပြီး ရွာသူရွာသားများငါးမြောက်မြားစွာဖမ်းရကြသည်။ ငါးများရကြသောအခါ ရွာသူရွာသားများသည် ရွာသို့ပြန်လာခဲ့ကြသည်။

ခူးဝယ်စူး၏အဖွားသည် အိမ်တွင်ကျန်ရစ်ခဲ့သောကြောင့် ငါးရှာထွက်ရာမှပြန်လာသောရွာသားတစ်ယောက်ကိုတွေ့လျှင် သူမ၏မြေးခူးဝယ်စူး ပြန်လာပြီးလားဟုမေးကြည့်သောအခါ ထိုသူကခူးဝယ်စူးနောက်တွင် ပြန်လိုက်လာသည်ဟု အဖွားကိုပြောသည်။ အဖွားက နောက်ရွာသားတစ်ယောက်ကိုတွေ့ပြီး မေးပြန်တဲ့အခါ ထိုသူကလဲ ခူးဝယ်စူးနောက်မှာလိုက်လာသည်ဟု ထပ်ပြောပြန်သည်။ အဖွားဟာ ပြန်လာတဲ့ရွာသားများကိုတစ်ယောက်ပြီးတစ်ယောက်မေးကြည့်ကာ ရွာထဲကိုပြန်လာကြသောရွာသားများကုန်သွားသည်အထိထိုသူတွေကမြေးခူးဝယ်စူးနောက်တွင်ပြန်လာနေသည်ဟုပဲပြောကြသည်။ ရွာထဲသို့ရွာသူရွာသားများ ပြန်ရောက်လာကုန်ကြပြီးဖြစ်သော်လည်း မြေးခူးဝယ်စူး တစ်ခါမှပြန်မပေါ်လာသည့်အတွက် အဖွားဟာသူ့မြေးကို ရွာသားတွေသတ်လိုက်မှန်း အလိုလိုသိလိုက်သည်။ သို့ဖြင့်အဖွားဟာ ဝမ်းနည်းကြေကွဲကာ လှေခါးထစ်ပေါ်တွင် ထိုင်ပြီးလှေကားလက်ယမ်းကိုကိုင်ကာ ထိုင်ငိုနေတော့သည်။

အဖွားသည် တစ်နေကုန်ငိုသဖြင့် သူ့အောက်မှာ ရေကွက်ကလေးတစ်ကွက်ဖြစ်လာပြီးအထဲကငါးလေးတစ်ကောင်ခုန်ထွက်လာသည်ကိုမြင်ရသည်။နောက်တစ်ရက်ထပ်ငိုပြန်သည့်အခါ ဖားတစ်ကောင်ခုန်ထွက်လာသည်။ သုံးရက်မြောက်သည့်နေ့တွင် ရေကွက်ကလေးကနေ ရေအိုင်ကြီးတစ်အိုင်ဖြစ်ပေါ်လာသည်။ သူဝမ်းနည်းကြေကွဲနေသည့်အချိန် ရွာသူရွာသားများကမူ ကခုန်တီးဝိုင်းပွဲတွေကျင်းပပြီး ဝမ်းမြောက်ဝမ်းသာနှင့် ရတ်ရတ်သဲသဲဖြစ်နေကြသည်။ ခူးဝယ်စူးရဲ့အဖွားကို ရွာသူရွာသားများကတစ်ယောက်မှဂရုမစိုက်၊ နားမထောင်သောကြောင့် ထိုရွာ၏မြေမျက်နှာပြင်သည် အက်ကွဲလာပြီး ရွာသူရွာ သားအားလုံးကို မျိုချပစ်လိုက်သည်။ ထိုရေအိုင်ကြီးသည် တောင်ခြေရင်း တွင်ရှိပြီး ထိုရေအိုင်ကို“ဒေါတဝိ”ဟုခေါ်ဝေါ်ကြသည်။ ထိုရေအိုင်ကြီးကို ဒီမော်ဆိုမြို့နယ်တွင်တွေ့ရမည်ဖြစ်သည်။

# ငွေဖါးစည်ကြီး



တစ်ခါကရွာတစ်ရွာတွင် မောင်နှစ်မနှစ်ယောက်ရှိကြသည်။ မောင်နှစ်မနှစ်ယောက်တွင် ကိုယ်စီကျွမ်းကျင်သော အတတ်ပညာတစ်ယောက်တစ်မျိုးရှိကြသည်။ ညီမငယ်လေးက ပိုးချည်ထည်များကို အခြားအပျိုလေးများထက်လှပအောင် ရက်လုပ်နိုင်ပြီး၊ အစ်ကိုက ကဆဲမဲဆိုသောဖျာချပ်ကိုကောင်းစွာ အခြားသူတွေထက်လှပအောင်ရက်လုပ်နိုင်သည်။ သို့ဖြင့် မောင်နှစ်မနှစ်ယောက်မှာ သူတို့နှစ်ယောက်ထက်တော်သည့်တတ်သည့်သူမရှိဟုထင်မြင်ယူဆမိပြီး သူတို့နှင့်ထိုက်တန်သူမရှိနိုင်တော့ကြောင်းထင်မိ၏။ သို့ဖြင့် မောင်နှစ်မနှစ်ယောက်သည် တစ်ဦးကိုတစ်ဦးပြန်လည်ချစ်ကြိုက်ကြပြီး ဇနီးမောင်နှံအဖြစ်အတူတကွပေါင်းသင်းနေထိုင်ကြတော့သည်။ သူတို့မောင်နှစ်မနှစ်ယောက်သည် သွေးရင်းသားရင်းများဖြစ်ပြီး ပြန်ယူကြသဖြင့်ရွာထဲတွင်မနေရဲကြတော့ပဲ ရွာအပြင်ဖက်တွင်ရှိသည့် ကျောက်ကမ်းပါးကြီးတခု၏ လိုဏ်ခေါင်းကြီးထဲတွင်သွား၍နေထိုင်ကြသည်။

လိုဏ်ဂူ၏အဝသည်အိုးအဖုံးမျှလောက်သာကျဉ်းသဖြင့်သူတို့၏မိခင်မှသူတို့အတွက်

အစားအစာများကို အိုးအဖုံးမျှလောက်သာယူသွားပေးရသည်။ နောက်တစ်နေ့၊ ထိုလိုဏ်ခေါင်းကြီး၏အပေါက်သည်နဂိုကထက်ကျဉ်းမြောင်းလာ၍ပန်းကန်ပြားတစ်ချပ်စာလောက်သာရှိသဖြင့် အမေအိုမှ သူမ၏သားနှင့်သမီးအတွက် အစားအစာများကို ပန်းကန်ပြားတစ်ချပ်စာသာ ယူသွားပေးရသည်။ နောက်တစ်မနက်မိုးလင်းသော် လိုဏ်ခေါင်းဝသည် ယောက်မဇွန်းလောက်သာရှိသဖြင့် အမေအိုသည်သူ့ကလေးများအတွက် အစားအစာများကို ယောက်မတစ်ဇွန်းလောက်သာ ယူသွားပေးရသည်။ တစ်နေ့ထက်တစ်နေ့လိုဏ်ခေါင်းဝသည်ကျဉ်းသထက်ကျဉ်းမြောင်းလာသဖြင့်နောက်ဆုံးတွင် ထိုလိုဏ်ခေါင်းကြီး၏အပေါက်ပိတ်သွားသည်။ အမေအိုသည် သားနှင့်သမီးအတွက်အစားအစာမပို့ပေးနိုင်တော့သောကြောင့် ငွေဖါးစည်ကြီးတစ်လုံးကို လိုဏ်ဂူဝတွင်ချပေးထားခဲ့သည်။ နောင်တွင် စပါးများမှည့်သည့်ရာသီရောက်ရှိလာသောအခါကျောက်ကမ်းပါးပေါ်တွင် တင်နေသောရေသည် တစ်ဖြည်းဖြည်းအောက်သို့စီးကျလာပြီး ငွေဖါးစည်ကြီးပေါ်တွင် ယိုစီးကျသဖြင့် ထိုအသံသည် အလွန်သာယာပျော်မွေ့ဖွယ်ရာကောင်းသော တီးလုံးသံလို ထွက်လာ၍ နားဝင်အရမ်းချိုသဖြင့် ထိုတီးလုံးသံကိုလူတွေကတပ်မက်မောကြသည်။ ငွေဖါးစည်ကြီး၏အသံကို နှစ်စဉ်နှစ်တိုင်းစပါးမှည့်သည့်ရာသီရောက်လာသည့်အခါ ထိုတီးလုံးသံကို အမြဲကြားရသည်ဟုဆိုသည်။

ပါးစပ်ရာဇဝင်အရ နှစ်ပေါင်းများစွာကြာလာသည့်အခါ ဒုတိယကမ္ဘာစစ်ဖြစ်ချိန် မြန်မာပြည်သို့ ဂျပန်များရောက်လာပြီး ထိုနေရာကိုရောက်သွား၍ ငွေဖါးစည်ကြီး၏အသံကိုကြားရသည်။ ထို့ကြောင့် လိုဏ်ဂူအတွင်းမှ အဖိုးတန်ကျောက်မျက်ရတနာများရှိမရှိသိချင်ကြသဖြင့် ထိုကျောက်ကမ်းပါးကိုဖြိုခွင်းလိုက်သည်။ ကျောက်ကမ်းပါးကိုဂျပန်များဖြိုချသဖြင့် ငွေဖါးစည်ကြီး၏အသံမှာ တဖြည်းဖြည်းပြောင်းလဲသွားသည်။ ဂျပန်များက ကျောက်ကမ်းပါးကို တစ်ဖြည်းဖြည်းဖြိုချပြီး ငွေဖါးစည်ကြီးရှိသည့်နေရာနှင့်ရောက်ရန် အလှမ်းသိပ်မဝေးတော့သော်လည်း မည်သည့်အဖိုးတန်ပစ္စည်း တစ်ခုကိုမျှမတွေ့ရသဖြင့် ကျောက်ကမ်းပါးကိုမဖြိုချတော့ပဲ ရပ်တန့်လိုက်သည်။ ကျောက်ကမ်းပါးကိုဖြိုချပစ်သောကြောင့် ငွေဖါးစည်ကြီး၏အသံသည်လည်း အရင်ကလို သာယာကြည်နူးမှုမရှိတော့ချေ။ ဤကျောက်ကမ်းပါးသည် ဖရူးဆိုးမြို့နယ်၊ လွိုင်ကော်မြို့ထဲတွင်ရှိနေဆဲဖြစ်သည်။

# ဖိုးဒွတ်



မင်းများပေါ်ပေါက်လာပုံနှင့်ပတ်သက်၍ မနုမနောအမျိုးသားတို့မှ ဤကဲ့သို့ အဆိုရှိခဲ့ကြသည်။ ရှေးအခါက "ဟာကိ" အမည်ရှိသော မနုမနောအမျိုးသားတစ်ဦးတွင် "ဆိုးမိုး" ဟုခေါ်သော သမီးတစ်ယောက်ရှိလေသည်။ ဟာကိသည် ကြယ်ဖိုးကြီးနယ်သို့ရောက်သောအခါ မိမိသမီးကိုကြယ်ဖိုးကြီးရွာတွင်နေထိုင်သော ဦးကြီးတစ်ယောက်ထံတွင် သွားရောက်နေထိုင်ရန်လွှတ်လိုက်သည်။ ကြယ်ဖိုးကြီးနယ်တွင် အလွန်ဆင်းရဲသော သူငယ်ကလေးတစ်ဦးရှိသည်။ ထိုသူငယ်၏ဦးလေးက ဆင်းရဲသောတူကလေးကိုအိမ်တွင်ခေါ်၍ထားလေသည်။သို့သော်ဦးလေးဖြစ်သူကလည်းတူကလေးအား မကြာခဏရက်စက်စွာ နှိပ်စက်ခိုင်းစေလေသည်။ တစ်နေ့သောအခါ၌ လူငယ်သည်တောင်ယာသို့သွားပြီး အလုပ်လုပ်ရာမှအိမ်သို့ပြန်လာရာတွင်တောင်ယာထဲ၌အင်္ကျီကိုမေ့ကျန်ရစ်ခဲ့လေသည်။ ထို့ကြောင့် လူငယ်သည် တောင်ယာထဲသို့ ပြန်သွား၍ အင်္ကျီကိုရှာဖွေသောအခါ၌ အင်္ကျီတစ်ထည်လုံးခြစားသွား သည်ကိုတွေ့ရသည်။

ထိုအခါ အင်္ကျီပြန်ပါမလာပဲအိမ်သို့ပြန်သွားပါက ဦးလေးကရိုက်နှက်မည်ကိုကြောက်ရွံ့သောကြောင့် သစ်ပင်တစ်ပင်အောက်တွင်ငိုကြွေးနေရာ အဖိုးအိုတစ်ယောက်ပေါ်လာပြီးလျှင် အဖြစ်အပျက်ကို လူငယ်အားမေးမြန်းလေသည်။ အကြောင်းစုံကိုရှင်း

လင်းပြောဆိုသောအခါ၌ အဖိုးအိုကကွမ်းအစ်တစ်လုံးကိုပေးခဲ့၍ ပျောက်ကွယ်သွားလေသည်။ ထိုလူငယ်လည်း ကွမ်းအစ်ကိုဖွင့်ကြည့်သောအခါတွင် ကွမ်းအစ်အတွင်း၌ပိတ်ပါးတစ်စကိုတွေ့ရလေသည်။ လူငယ်က ပိတ်စကိုဖြန့်၍ ကြည့်ရာတွင်ရွာကိုတစ်ပတ်ပတ်မိသည်ဟုဆိုသည်။ ထိုကဲ့သို့ပြုလုပ်နေသည်ကို ဦးလေးဖြစ်သူကတွေ့သွားသောအခါ အလွန်အံ့သြ၍ သူ၏တူသည်ဖုန်းတန်ခိုးရှိသူဖြစ်ရမည်ဟုယူဆပြီး အရိုအသေပေးလေသည်။ အခြားသူများကလည်း လူငယ်ကို ရိုသေလေးစားလာကြပြီးလျှင် နောက်ဆုံး၌မင်းမြှောက်ခြင်းကိုခံရသည်ဟုအဆိုရှိကြသည်။ ဤသူငယ်သည် မင်းအဖြစ်သို့တင်မြှောက်ခံရပြီးသည့်နောက်တွင်မိမိနာမည်ကိုဖိုးဒွတ်ဟုမှည့်လေ၏။ ဖိုးဒွတ်သည် ဆင်းရဲသားဘဝမှမင်းအဖြစ်သို့ ရောက်သွားသော်လည်း မာနထောင်လွှားခြင်းမရှိခဲ့ပေ။ အရွယ်ရောက်၍ အိမ်ထောင်ပြုသောအခါမိမိနှင့်တန်းတူဖြစ်သောဟာကိ၏သမီးနှင့် လက်ထပ်ထိမ်းမြားလေသည်။ မင်းအဖြစ်ရောက်သောအခါ မိမိ၏ဇနီးသည်နှင့်သာ တစ်လင်တစ်မယားပေါင်းသင်းပါမည်ဟု ကတိသစ္စာဆိုလေသည်။

သူသည် ဘုရင်မင်းမြတ်အဖြစ်အုပ်ချုပ်နေစဉ် ကြယ်ဖိုးကြီးနယ်မှ စစ်တိုက်ထွက်ခဲ့ရာ ထိစခန်းအထိ ရောက်၍သွားလေသည်။ ထိုနေရာသို့ရောက်သောအခါ နယ်နိမိတ်သတ်မှတ်သည့်သဘောဖြင့် စေတီတစ်ဆူကိုတည်၍ ထားခဲ့လေသည်။ ထိုကဲ့သို့စစ်တိုက်ထွက်ရင်းနှင့်တနေ့သော် “တော်နီ” အမည်ရှိသော တောင်သူမတဦးနှင့်တွေ့ဆုံချစ်ကြိုက်ကြပြီးလျှင် ဇနီးမောင်နှံအဖြစ်ပေါင်းသင်းနေထိုင်ကြလေသည်။ ထိုအခါမင်းဖြစ်စဉ်က ထားရှိခဲ့သောကတိသစ္စာကိုချိုးဖောက်မိသောကြောင့် ရန်သူများနှင့်တိုက်ခိုက်ရာတွင် စစ်ရှုံး၍ထွက်ပြေးရလေသည်။ သူထွက်ပြေးခဲ့ရာတွင် ကြယ်ဖိုးကြီးနယ်ကိုပင် ကျော်လွန်သွားပြီး မနုမနောအမျိုးသားများနေထိုင်ရာအရပ်ဒေသကိုရောက်ရှိလာလေသည်။ ထိုအခါကျမှနောင်တတရားရရှိပြီးလျှင် ကောင်းမွန်စွာနေထိုင်သောကြောင့် ရန်သူများကိုပြန်လည်၍အနိုင်ရရှိလေသည်။ ရန်သူများနှင့်တိုက်ခိုက်ရာဖန်ဖိုအထိရောက်ရှိသွားလေသည်။ စစ်ပြီးဆုံးသွားသောအခါ တစ်ဖက်နှင့်တစ်ဖက်နယ်ကျူးလွန်သွားမိလျှင် ရန်မူခြင်းမရှိကြရ ဟူသောသဘောတူစာချုပ်ကို ချုပ်ဆိုကြလေသည်။ စာချုပ်ကိုပေစာနှင့်တစ်ခုပြုလုပ်၍ အခြားတစ်ခုကို ဆင်စွယ်ပေါ်တွင်ရေးသားထားခဲ့သည်ဟုအဆိုရှိခဲ့ကြလေသည်။

# စဲပယ်



ရှေးသရောအခါက ဖရူးဆိုးမြို့နယ်ရှိရွာတစ်ရွာတွင် စဲပယ်ဆိုသည့် မိဘမဲ့ကလေးတစ်ဦးရှိသည်။ သူသည် တဲကလေးတစ်လုံးထဲတွင် တစ်ယောက်တည်းနေထိုင်လေသည်။ တစ်နေ့သောအခါ ရွာသူရွာသားများ တောင်ယာခုတ်သွားနေစဉ် သူသည်တောထဲသို့သွားပြီး ငှက်ပစ်ရန်ထွက်လာခဲ့သည်။ ထိုအချိန်၌ ရွာတွင်မီးလောင်နေသည်ကို တောထဲမှသူလှမ်းမြင်ရသဖြင့် သူသည်ရွာထဲသို့အမြန်ပြန်ပြေးလာခဲ့သည်။ ရွာသူရွာသားများက တောင်ယာတစ်နေ့လုံးခုတ်နေပြီး ညနေမှအိမ်ပြန်လာသောကြောင့် ရွာကိုစဲပယ်မီးရှို့ပစ်လိုက်သည်ဟုထင်နေကြသည်။ ရွာသူရွာသားများသည်စဲပယ်ကိုအပြစ်တင်ပြီး သူမခံနိုင်သည့်အထိထိုးပုတ်ရိုက်နှက်ကြသဖြင့် စဲပယ်သည် ထိုရွာတွင်မနေနိုင်တော့ပဲ အဝေးတစ်နေရာကို ထွက်ပြေးလာခဲ့သည်။ ထီးသူးကူး (ထီးလါးဟေးပူ) ဟုခေါ်သည့်နေရာသို့ရောက်သွားပြီး ထိုနေရာတွင်နှစ်ပေါင်းများစွာနေထိုင်ခဲ့သည်။

နောက်ပိုင်းစဲပယ်သည် ချမ်းသာကြွယ်ဝလာပြီး တစ်ခါကသူနေခဲ့သော ရွာကလေး သည်အလွန်ဆင်းရဲနွမ်းပါးနေသည့်အကြောင်း အမြဲကြားနေရသဖြင့် ထိုရွာ၏ရွာသူ ကြီးကိုဖိတ်ခေါ်ပြီး အကျိုးအကြောင်းမေးကြည့်သည့်နောက်သူသည်ကိုယ်ချင်းစာ၍ အကူအညီပေးချင်သည့်စိတ်ဖြင့် ရွာသူကြီးကို စပါးမျိုးစေ့များ၊ အသီးအနှံမျိုးစေ့အ မျိုးမျိုးတို့ကိုပေးကမ်းလိုက်သည်။ ထိုအချိန်မှစ၍ ရွာသူရွာသားများသည် စပါးစိုက် ပျိုးပြီး စိုက်ပျိုးရေးလုပ်ငန်းများထွန်းကားလာကာ တစ်ရွာလုံးဖူလုံစွာစားသုံးရကြ သည်ဟုဆိုသည်။ ဤဖြစ်ရပ်သည် ဖလူဆိုခရိုင်တွင်ဖြစ်ခဲ့သည်ဟုဆိုသည်။

# နတ်သမီးလေး
## ရှူးနော်မို



လွန်လေပြီးသောအခါက “ရှူးနော်မို” ဆိုသည့် နတ်သမီးလေးတစ်ပါးရှိခဲ့သည်။ နတ်သမီးလေးတွင်“ခလီးကဖဲဖိုး”ဆိုသည့် သူငယ်ချင်းယောက်ျားလေးတစ်ယောက်ရှိသည်။ သူတို့နှစ်ဦးသည် အလွန်ချစ်ခင်ရင်းနှီးကျွမ်းဝင်သောချစ်သူများဖြစ်ကြသည်။ သူတို့နေထိုင်သည့်ရွာရှိ ရွာသူရွာသားများသည် ငါးများထွက်ကြလျှင် ငါးနည်းနည်းမျှသာရလာကြသည်။ သို့သော် “ခလီးကဖဲဖိုး” ငါးရှာထွက်လျှင် ငါးအများကြီးရလာသည်။

သို့ဖြင့် ရွာသူရွာသားများသည် “ခလီးကဖဲဖိုး” ကိုမနာလိုသဝန်တိုပြီး သူ့ကိုကြည့်လို့မရကြချေ။ တစ်နေ့၌ မနာလိုသောရွာသားတစ်ယောက်က၊ ခလီးကဖဲဖိုးငါးသွားထွက်ရှာတဲ့အခါမှာ သူနောက်ကနေ တိတ်တဆိတ်ချောင်းလိုက်သွားသည်။ ထို့နောက်သစ်ပင်နောက်ကွယ်ကနေပုန်းပြီး “ခလီးကဖဲဖိုး” ကိုချောင်းကြည့်နေသည်။ သူ့နောက်တွင်လူလိုက်လာနေသည်ကိုမသိသဖြင့် “ခလီးကဖဲဖိုး” ကဆုတောင်းသောအခါဆင်

ကြီးကြီးတစ်ကောင်ပေါ်လာသည်။ ဆင်ကြီးသည် မြစ်လယ်ခေါင်တွင်သွားပြီး အိပ်ချသည့်အခါ ၎င်း၏အောက်တွင်ရှိသည့်ရေများမှာ ခမ်းသွားပြီးချောင်းထဲမှ ငါးများကို "ခလီးကဖဲဖိုး" ကအဆင်သင့်လျှောက်ဖမ်းနေသည်ကိုတွေ့ရသည်။ ထိုရွာသားက လှုပ်ရှားမှုများကိုကြည့်ပြီး ကောက်ကျစ်စဉ်းလဲ စိတ်ပေါ်လာကာ မနာလိုစွာဖြင့်ရေလယ်မှာရှိသည့်ဆင်ကြီးအားပစ်သတ်လိုက်သည်။ ဆင်ကြီးသေသွားသည့်အခါ မြစ်ထဲရှိရေများပြန်ဆင်းကျလာသဖြင့် "ခလီးကဖဲဖိုး" လဲ ရေထဲမျောပါသွားကာ ရေနစ်သေဆုံးသွားသည်။

"ခလီးကဖဲဖိုး"အသက်ရှင်စဉ်က သူသည်သာမန်လူသားတစ်ယောက်လို ကိုယ်လုံးသေးသွယ်သော်လည်း သူ၏ချစ်သူနတ်သမီးက သူ့ကိုလုံချည်တစ်ထည်ရက်ပေးလျှင်ကိုက် ၇၀ လောက်ရက်ပေးရသည်။ နတ်သမီးလေးရှုးနော်မိုသည် ချစ်သူမရှိတော့သည့်နောက်ပိုင်းတွင် တစ်ယောက်တည်းအထီးကျန်စွာနေရသဖြင့် ထိုရွာတွင်နေထိုင်၍မပျော်မွေ့တော့သဖြင့် တောင်တန်းများပေါ်တွင် ပြန်လည်နေထိုင်တော့သည်။ နတ်သမီးလေးရှုးနော်မိုပြန်နေထိုင်သည့်တောင်တန်းသည် လူဆိုမြို့နယ်၊ လွိုင်ကော်မြို့တွင်တည်ရှိသည်။ ထိုတောင်တန်းကိုကရင်နီတို့က "ဖေါ်သော်ခို" လို့ခေါ်ဝေါ်ကြပြီးဗမာလူမျိုးတို့က "တောင်ကတုံး" ဟုခေါ်တွင်ကြသည်။ စပါးစိမ်းလန်းစိုပြည်သည့်ရာသီတွင် ထိုတောင်တန်းသည် စိမ်းလန်းစိုပြည်နေပြီး၊ စပါးဝါဝင်းသည့်ရာသီတွင် ထိုတောင်သည်လည်းဝါဝင်းနေသည်။ သို့သော် နွေရာသီတွင်ထိုတောင်သည် ခြောက်သွေ့နေပြီးပြောင်ရှင်းနေသည်ဟုဆိုသည်။

# လူစွမ်းကောင်းသွပ်အိ



ယနုမနေသအမျိုးသားများ၏ရှေးကပေါ်ပေါက်ခဲ့သော သူရဲကောင်းများနှင့်ပတ်သက်၍ရှေးအခါက "သွပ်အိ" ဟုအမည်တွင်သော လူစွမ်းကောင်းတစ်ယောက်ရှိသည်။ ထိုသူသည် အင်္ဂလိပ်နှင့်စစ်တိုက်ရသည်ဟုဆို၏။ သွပ်အိသည် ဖုန်းတန်ခိုးကြီးသူဖြစ်သောကြောင့် စစ်တိုက်ရာတွင် အင်္ဂလိပ်များအနီးသို့ ချဉ်းကပ်လာသောအခါ၌သွပ်အိကကောင်းကင်တွင် လူရုပ်ဖန်ဆင်းလိုက်လေသည်။ ထိုအခါ အင်္ဂလိပ်တို့ကအရုပ်များကို လူစင်စစ်ဟုထင်မှတ်ပြီး ပစ်ခတ်ကြရာနောက်ဆုံး၌ ကျည်ဆံကုန်သွားသည်ဟုအဆိုရှိလေသည်။ သွပ်အိကို လိုက်လံရှာဖွေရာတွင် မတွေ့ရှိပဲ နောက်ဆုံးတွင် အင်္ဂလိပ်တို့က အကြောင်းသိသူတဦးအား သွပ်အိရှိရာအရပ်ကို မေးသည့်အပြင် သွပ်အိကို နိုင်နိုင်သောနည်းလမ်းကိုလည်းမေးမြန်းကြလေသည်။ ထိုအခါ ဓါတ်သိသူကသွပ်အိရှိရာနေရာကို ပြောပြသည့်အပြင် ချိန်ခွင်မှချိန်သီးကို ချိန်၍ပစ်ခတ်ပါက သွပ်အိသေဆုံးနိုင်ကြောင်းကိုပါပြောပြလေသည်။ ထိုအခါအင်္ဂလိပ်တို့သည် ဓါတ်သိကိုပင် သွပ်အိအားချိန်သီးနှင့်ပစ်ခတ်ခိုင်းရာ နောက်ဆုံးတွင် သူရဲကောင်းသွပ်အိမှာကျဆုံးရလေသည်ဟု ပြောစမှတ်ရှိကြလေသည်။ သွပ်အိ၏အလောင်းကိုဒီမောဆိုးမြို့နယ်တွင်မြှုပ်နှံကြသည်ဟုဆိုသည်။

# ဝါးပိုး



ရှေးအခါက အရှေ့ဖက်အရပ်တွင် တောင်တစ်လုံးရှိပြီး အနောက်ဖက်အရပ်တွင်လည်း တောင်တစ်လုံးရှိသည်။ အနောက်ဖက်အရပ်တွင်ရှိသည့်တောင်ကို "ဖေါ်ဘော်ခိုတောင်" ဟုခေါ်ဝေါ်ကြပြီး အရှေ့ဖက်အရပ်တောင်ကို "ကယ်ဖတောင်" ဟုခေါ်ဝေါ်ကြသည်။ ကယ်ဖတောင်၏ခြေရင်းသည်ကျယ်ပြန့်ပြီး အပေါ်သို့မတ်စောင့်စွာတက်သွားပြီး တောင်ထိပ်မှာ ချွန်ထွက်နေသည်။ တစ်ခါက၌တောင်နှစ်လုံးသည်ရန်ဖြစ်ကြပြီး အနောက်ဖက်အရပ်တွင်ရှိသော "ဖေါ်ဘော်ခိုတောင်"က ဓါးမကြီးကိုယူ၍ အရှေ့ဖက်အရပ်တွင်ရှိသော "ကယ်ဖတောင်" ၏ထိပ်ကိုခုတ်ချလိုက်သည်။ သို့သော် "ကယ်ဖတောင်" ၏ထိပ်မှာပြတ်မသွားပေ၊ နည်းနည်းသာရွဲ့စောင်းသွားသည်။ "ကယ်ဖတောင်"က "ဖေါ်ဘော်ခိုတောင်"ကို ပြန်ခုတ်မည့် ဓါးမကြီးမရှိသဖြင့်သူ၌ရှိသောဝါးပိုးတစ်ချောင်းကိုနှုတ်ယူပြီး "ဖေါ်ဘော်ခိုတောင်"ကိုပစ်ပေါက်လိုက်သည့်အခါ"ဖေါ်ဘော်ခိုတောင်"တွင်အပေါက်ကြီးကြီးတစ်ပေါက်ဖြစ်သွားသည်။ "ဖေါ်ဘော်ခိုတောင်"တွင်ဝါးပိုးမရှိ၍ငင်းတွင်ရှိသောမက်စလီဝါးကိုနှုတ်ယူပြီး"ကယ်

ဖတောင်” ကိုပြန်၍ပစ်ပေါက်လိုက်သည်။ သို့သော်“ကယ်ဖတောင်” ကိုမထိဘဲရင်း၏ခြေရင်းဘေးတွင် ရှိသောနေရာလပ်သို့မက်စလီဝါးစိုက်ဝင်သွားသည်။

ထို့ကြောင့်ယနေ့တိုင်အရှေ့ဖက်အရပ်ရှိ “ကယ်ဖတောင်” ထိပ်သည်နည်းနည်းရွဲ့စောင်းနေပြီး တောင်ခြေရင်း၏ ဘေးတွင်မက်စလီဝါးပင်များ အများအပြားပေါက်နေသည်ကိုတွေ့ရမည်။ အနောက်ဖက်အရပ်တွင်ရှိသည့်“ဖေါ်ဘော်ခိုတောင်”ကိုအဝေးမှလှမ်းကြည့်လျှင် အပေါက်ကြီးကြီးတစ်ပေါက် ကိုတွေ့ရမည့်အပြင် တောင်၏ခြေရင်းတွင်ဝါးပိုးပင်များ အများအပြားပေါက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

# ပွါစိုးခိုရွာတွေ့ရှိပုံ



ရှေးသရောအခါက အလွန်ခင်မင်ချစ်ခင်ကြသော သူငယ်ချင်းနှစ်ယောက်ရှိသည်။ တစ်ယောက်၏အမည်မှာ "ကယ်ဖာ" ဖြစ်ပြီး အခြားတစ်ယောက်က "ဆိုဖာ"ဖြစ်သည်။ သူငယ်ချင်းနှစ်ဦးသည် တောနက်ကြီးထဲတွင်နှစ်ပေါင်းများစွာနေထိုင်လာခဲ့ရာ လူသူတစ်ဦးတစ်ယောက်ကိုမျှ မမြင်တွေ့ရချေ။ တစ်နေ့မှာသူငယ်ချင်းနှစ်ဦးသည်တောထွက်ပြီးငှက်ကလေးများလိုက်ပစ်ပြီး သားကောင်များလိုက်ဖမ်းမည်ဟုတိုင်ပင်ဆွေးနွေးနေကြသည်။ သို့ဖြင့်နှစ်ဦးသားတောထွက်ပြီး ညနေခင်းအချိန်သို့ရောက်သောအခါ မည်သည့်အရာတစ်စုံတစ်ခုကိုမျှမတွေ့ရချေ။ ထိုအခါသူငယ်ချင်းနှစ်ဦးထဲက တစ်ယောက်က "ငါတို့မောလာပြီ။ ဒီတောင်ကြားထဲမှာ တစ်ဆိတ်လောက်နားပြီးမှ ဆက်သွားကြတာပေါ့" ဟုအကြံပေးရာ အခြားတစ်ယောက်ကလည်းသဘောတူညီသည်။ သို့ဖြင့် ကယ်ဖသည် လက်ထဲကရှိသောလှံဖြင့်မြေကိုတူးဖော်လိုက်ရာ ရေများယိုစိမ့်လာသဖြင့် သူ၏သူငယ်ချင်းဆိုဖာအား ဤနေရာသို့လာရောက်ရွှေ့ပြောင်းနေထိုင်ရန် ပြောဆိုတိုင်ပင်၏။ ထိုကိစ္စကို သူငယ်ချင်းနှစ်ဦးသည် သဘောတူညီကြပြီးထိုနေရာတွင်နေရာချပြောင်းရွှေ့လာသည်။ ထိုနေရာကို "ပွာစိုးခို" ဟုခေါ်ဆိုကြသည်။ ဤရွာသည် ယနေ့အထိတိုင် ရှိနေဆဲပင်ဖြစ်သည်။

# ညဉ့်ငှက်နှုတ်သီး ကျယ်ရသည့်အကြောင်း



ရှေးသရောအခါက တိရစ္ဆာန်နှင့်လူတို့က နေ့နှင့်ညခွဲခြားရန်အတွက်အစည်းအဝေးဖိတ်ခေါ်ကြသည်။ နေ့နှင့်ညခွဲခြားဖို့အတွက် သူတို့က ညဉ့်ငှက်ကို တာဝန်ပေးလိုက်သည်။ သို့သော်ညဉ့်ငှက်သည် အအိပ်ကြီးသောငှက်ဖြစ်သဖြင့်စီရင်ချက်ချသည့်အချိန်သို့ရောက်သော် အလာနောက်ကျသဖြင့် အခြားတိရစ္ဆာန်များက ညဉ့်ငှက်ကိုအလွန်စိတ်ဆိုးသွားသည်။ ညဉ့်ငှက်သည်အခြားတိရစ္ဆာန်များကသူ့အား စိတ်ဆိုးသည်ကိုသိသောအခါ အအိပ်မကြီးအောင် ကြိုးစားမည်ဟုပြောပြီး၊ ဤသို့ ကြာကြာနေက သူ့အတွက်အခက်အခဲရှိနိုင်မည်ကိုသိသောကြောင့်လည်းဖြစ်သည်။

မကြာမီအစည်းအဝေးစလာသဖြင့်ကြွက်ကဤသို့အကြံပေးသည်။ မနက်မှညနေအထိကိုနေ့ဟုခေါ်မည်။ ညဉ့်နက်သို့ရောက်သည့်အခါ ကြက်ဖသုံးချက်တွန်လျှင်မိုးလင်းလာမည်။ တစ်လတွင် ရက်သုံးဆယ်ရှိမည်ဖြစ်ပြီး တစ်နှစ်တွင်ဆယ့်နှစ်လရှိမည်။ လကွယ်ည၊ လမိုက်ည၊ လပြည့်ညနှင့်လပြည့်ပြီးသောညများရှိမည်ဖြစ်သည်။

ထိုအခါမှ တိရစ္ဆာန်နှင့်လူသားများ အစားအစာရှာစားနိုင်မည်။ သို့သော် ညဥ့်ငှက်သည်အအိပ်ကြီးသဖြင့် "ညတစ်နှစ်၊ နေ့တစ်လ" ဟုအကြံပေးသောအခါ အခြားတိရစ္ဆာန်များက ၎င်း၏အဆိုတင်သွင်းမှုကို သဘောမတူကြပေ။ တိရစ္ဆာန်များထဲမှ လင်းနို့ကြီးတစ်ကောင်က အလွန်စိတ်ဆိုးသွားရာ ဓါးမကြီးကိုကောက်ကိုင်ကာ ညဥ့်ငှက်၏နှုတ်သီးကို လှီးလိုက်သောကြောင့် ယနေ့အထိညဥ့်ငှက်၏နှုတ်သီးမှာဟောက်ပက်နှင့်အာကျယ်နေရခြင်းဖြစ်သည်။

# ကရင်နီအမျိုးသမီးများရဇဝင်



လွန်ခဲ့တဲ့နှစ်ပေါင်းများစွာတုန်းက ကရင်နီလူမျိုးများဖြစ်တဲ့ ကယမ်းလူမျိုးတွေဟာအလွန်ချောပါတယ်။ အခုလိုလဲ လည်ပင်းမှာ ကြေးကွင်းတွေမစွတ်ကြပါဘူး။ နောက်ပိုင်းမှာ အခုလိုကြေးကွင်းစွတ်ရတဲ့ အကြောင်းရင်းမှာ–

တစ်ခါက ရွာတစ်ရွာတွင် အဖိုးကြီးတစ်ယောက်မှာ အလွန်ချောမောလှပတဲ့သမီးလေးနှစ်ယောက်ရှိတယ်။ သူတို့ဟာ အရမ်းကိုချောလွန်းလို့ သူတို့နေထိုင်တဲ့ရွာမှယောက်ျားတွေမကဘဲ ရွာပတ်ဝန်းကျင်မှာရှိတဲ့တစ်ခြား ရွာကယောက်ျားတွေလဲ သူတို့ကိုကြိုက်ကြတယ်။

ကရင်နီဒေသမှာစားလို့ရတဲ့စွယ်တော်အရွက်တစ်မျိုးရှိတယ်။ အဲဒီစွယ်တော်ရွက်ဟာအရမ်းကို အရသာရှိတယ်။ ဒါပေမယ့် တောထဲမှာပဲပေါက်တဲ့အတွက် အဲဒီစွယ်တော်ကို စားရဖို့အတွက်တောထဲအထိ ခက်ခက်ခဲခဲလိုက်ရှာခူးရတယ်။

တစ်နေ့မှာ အဲဒီအလွန်ချောတဲ့ညီအစ်မနှစ်ယောက်ဟာ စွယ်တော်ရွက်ကိုခူးဖို့တော ထဲကိုထွက်သွားတယ်။ တောထဲရောက်တဲ့အခါ စွယ်တော်ပင်တွေကိုတွေ့ရပေမယ့် အရမ်းမြင့်လို့ အရွက်တွေကိုတက်ခူးလို့မရဘူး။ အဲဒီအချိန်မှာဘီလူးကြီးတစ်ကောင် ကသူတို့ကိုကြည့်နေတယ်။ ပြီးတော့ ညီအစ်မနှစ်ယောက်နားကိုလာပြီး "နင်တို့ကို ငါစွယ်တော်ရွက်တွေခူးပေးရမလား" လို့မေးလိုက်တယ်။ သူတို့ညီအစ်မနှစ်ယောက် ကလဲ "ဟုတ်ကဲ့၊ ခူးပေးပါ–ကျေးဇူးတင်ပါတယ်" လို့ပြောလိုက်တယ်။ ညီအစ်မနှစ် ယောက်ဟာ ဘီလူးကြီးကိုကြောက်ဖို့ထက် စွယ်တော်ရွက်ကိုပိုစားချင်တာကိုး။ ဒါနဲ့ သူတို့ညီအစ်မနှစ်ယောက်က"ဘီလူးကြီးကအရမ်းသဘောကောင်းတာဘဲ"လို့တစ် ယောက်နဲ့တစ်ယောက်ပြောနေကြတယ်။

မကြာခင်မှာဘီလူးကြီးက စွယ်တော်ရွက်တွေကို ပုလိုင်း (တောင်း) နဲ့အပြည့်ခူးပြီး သစ်ပင်အောက်ကိုဆင်းလာတယ်။ ပြီးတော့ညီအစ်မနှစ်ယောက်ကိုပေးပြီး "ငါနင်တို့ ကိုစွယ်တော်ရွက်ခူးပေးလို့နင်တို့ငါ့ကိုလက်ထပ်ရမယ်"လို့ပြောလိုက်တယ်။ အဲဒီအ ခါမှာ ညီမဖြစ်တဲ့သူက "ဘီလူးကြီးရယ်–ကျွန်မတို့နဲ့လက်မထပ်ပါနဲ့၊ ကျွန်မတို့မှာ ယောက်ျားရှိပါတယ်" လို့ပြန်ပြောလိုက်တယ်။ ဘီလူးကြီးက "နင်တို့ကိုငါမယုံဘူး– နင်တို့မှာယောက်ျားရှိလဲနင်တို့ကိုငါယူမှာဘဲ"လို့ပြောပြီး သူ့အိမ်ကိုခေါ်သွားတယ်။

ညရောက်တော့ဘီလူးကြီးက "လာခဲ့ကြ –– နင်တို့ငါ့ရဲ့အနားမှာ တစ်ယောက်တစ် ဖက်စီအိပ်ရမယ်" လို့ပြောလိုက်တယ်။ အဲဒီအချိန်မှာ ညီအစ်မနှစ်ယောက်က –– "ကျွန်မတို့မအိပ်ခင်မှာ အပေါ့သွားပါရစေ" ဆိုပြီးအပြင်ကိုထွက်သွားတယ်။ အပြင် ရောက်တော့ "ဘယ်လိုလုပ်ကြမလဲ၊ ငါတို့တော့ ဘီလူးမိန်းမအဖြစ်မခံနိုင်ဘူး" လို့ ပြောကြပြီးတစ်ခုခုလုပ်ဖို့ညီအစ်မနှစ်ယောက်ကအကြံထုတ်နေတော့တယ်။ ပြီးတော့ ဘေးမှာတွေ့ရတဲ့သံချောင်းတွေနဲ့ လည်ပင်းကိုပတ်ပြီး အထဲကိုပြန်ဝင်လာတယ်။

ဘီလူကြီးကသူတို့ကိုတွေ့တော့"နင်တို့လည်ပင်းမှာဘာတွေလဲ"လို့မေးလိုက်တယ်။ ဒါနဲ့ညီအစ်မနှစ်ယောက်က "ဘီလူးကြီး –– ကျွန်မတို့ဟာ နေ့အချိန်မှာအရမ်းချော ပေမယ့် ညအချိန်မှာဆိုရင် ကျွန်မတို့ရဲ့လည်ပင်းတွေဟာ တစ်ဖြည်းဖြည်းရှည်လာပြီး

ကျွန်မတို့က အရမ်းကိုအရုပ်ဆိုးလာပါတယ် – ကျွန်မတို့ဟာ ကျိန်စာမိထားပါတယ်” လို့ပြောလိုက်တယ်။ ပြီးတော့ သူတို့ရဲ့လည်ပင်းတွေကိုဆန့်ပြပြီး မျက်လုံးတွေပြူးပြလိုက်တယ်။ ဘီလူးကြီးက အရမ်းကိုကြောက်သွားပြီး “ကောင်းပြီ၊ နင်တို့ကို ငါပြန်လွှတ်လိုက်မယ်–ဒါပေမယ့်နင်တို့ကိုငါမယုံဘူး –– သေချာဟုတ်မဟုတ်ဆိုတာသိရအောင် နောက်တစ်နေ့ကျရင် နင်တို့ကိုငါထပ်လာကြည့်မယ်” လို့ပြောပြီးပြန်လွှတ်ပေးလိုက်တယ်။

အိမ်ပြန်ရောက်တော့ သူတို့ရဲ့အဖေကို အကြောင်းစုံရှင်းပြလိုက်တယ်။ အဲဒါနဲ့သူတို့အဖေကလဲ “ဒါဆိုရင်–နင်တို့ကိုဘီလူးရဲ့ရန်က ကာကွယ်ဖို့အတွက်ငါလုပ်ပေးမယ်” လို့ပြောပြီးအဲဒီညီမနှစ်ယောက်လုံးရဲ့လည်ပင်းမှာ ကြေးကွင်းတွေစွပ်ပေးလိုက်တယ်။ အဲဒီအချိန်ကစပြီး ကယန်းအမျိုးသားတွေဟာ ဘီလူးရဲ့ရန်ကနေကာကွယ်ဖို့လည်ပင်းမှာကြေးကွင်းတွေကို အခုထိစွပ်ထားကြတယ်။

# လူသားတို့
## ဆင်းသက်လာပုံအဆင့်ဆင့်



ကမ္ဘာဦးအစကအာကာသလေဟာပြင်ကြီးအတွင်း၌ မည်သည့်အရာမျှမရှိချေ။ လေအမျိုးသားနှင့်လေအမျိုးသမီးသာလျှင် အာကာသရင်ပြင်အတွင်း၌ ခြေဦးမဲ့ရာ တိုက်ခတ်နေကြသည်။ တစ်ခါကလေအမျိုးသမီးသည် လေအမျိုးသားနောက်သို့ လိုက်၍မမီပေ။ လေအမျိုးသားသည် သူ့နောက်သို့ပြန်လှည့်ကြည့်သောအခါ လေအမျိုးသမီးအားမတွေ့ရ။ သို့ဖြင့်လေအမျိုးသားသည် လေအမျိုးသမီးရှိရာအရပ်သို့ ပြန်လည်တိုက်ခတ်၍လေအမျိုးသမီးအား “မည်သည့်အကြောင်းကြောင့်သင်ကျွန်ုပ်နောက်ကို မလိုက်နိုင်သနည်း” ဟုမေးရာ လေအမျိုးသမီးက “ကျွန်ုပ်သည်အမျိုးသမီးဖြစ်သည့်အတိုင်း ယခုကျွန်ုပ်မှာကိုယ်ဝန်ရှိနေပြီ”ဟုပြန်လည်ဖြေဆိုသည်။ သို့ဖြင့် လေအမျိုးသားသည်လေအမျိုးသမီးကိုတစ်ပါတ်ပြီးတစ်ပါတ်ပတ်၍လေအမျိုးသမီးမှ အလွန်ကြီးမားသော ပိုးဥကြီးတစ်လုံးမွေးဖွားလာသည်အထိပါတ်၏။ ထိုပိုးဥကြီးအတွင်း၌ “ ပြိုင်သူလူမူး” ဆိုသောဖန်ဆင်းရှင် နတ်ဘုရားမပေါ်ထွက်လာ၏။

ပြိုင်သူလူမှူးသည် ပိုးဥကြီးပေါ်ထိုင်ကာ အာကာသရင်ပြင်ကိုငေးမောကြည့်လိုက်၏။ ကြယ်လေးလုံးကို သူမမြင်တွေ့ရသည်။ ကြယ်များ၏အရောင်များမှာအနီ၊ အဝါ၊ အဖြူနှင့်နီဖြူရောင်များဖြစ်ကြ၏။ ပြိုင်သူလူမှူးသည် သူမ၏ပိုးဥကြီးအတွင်းသို့ကြည့်သည့်အခါတိမ်တိုက်ကိုတွေ့ရ၏။ သို့ဖြင့်သူမသည်ပင့်ကူကြီးတစ်ကောင်ကိုတိမ်တိုက်နှင့်အတူဖန်ဆင်း၍ ပင့်ကူအား သူမ၏ကလေးများနေထိုင်ရန်အတွက် ကမ္ဘာမြေကြီးတစ်ခုကိုတည်ဆောက်ရန်ခိုင်းစေသည်။ ပင့်ကူသည် ကြယ်လေးလုံးကိုယင်း၏အမျှင်နှင့်ဆက်ပြီးပင့်ကူအိမ်ကြီးကြီးတစ်လုံးကိုတည်ဆောက်လိုက်သည်။ ပြိုင်သူလူမှူးသည် ပင့်ကူအိမ်ကြီးကိုကြည့်၍ သူမ၏ကလေးများ အသက်ရှင်နေထိုင်၍မရနိုင်ကြောင်းတွေ့ရ၏။ သို့ဖြစ်၍သူမသည် ပင့်ကူအိမ်ကိုပြန်လိမ့်၍သူမ၏ပိုးဥအတွင်းသို့ပစ်ထည့်လိုက်သည်။ ထို့နောက်သူမသည် ပိုးဥအတွင်းသို့တစ်ဖန်ငုံ့ကြည့်ပြီး တိမ်တိုက်ကိုအပြင်သို့ထွက်လာခိုင်း၏။ သူမသည်တိမ်တိုက်အား သူမ၏ကလေးများနေထိုင်ဖို့ကမ္ဘာမြေကြီးတည်ဆောက်ရန်ခိုင်းစေ၏။ သို့ဖြင့်တိမ်တိုက်သည် ပိုးဥအတွင်းမှထွက်လာ၍တစ်ပါတ်ပြီးတစ်ပါတ်ကွေ့ပတ်ကာနေလျှက် အာကာသရင်ပြင်ထဲသို့ လိမ့်ချ၍ တစ်ပတ်ပြီးတစ်ပတ်ပတ်နေလေ၏။ တိမ်တိုက်များသည် တစ်ပတ်ပြီးတစ်ပတ်လှည့်ပတ်ရာကနေ ကမ္ဘာကြီးစတင်ပေါ်ပေါက်လာခဲ့သည်။

ပြိုင်သူလူမှူးသည် ကမ္ဘာကြီးကိုကြည့်ပြီး ၎င်း၏မျက်နှာပြင်သည်မာကျောသလားသို့မဟုတ် ပျော့ပျောင်းနေသေးသလားဟုသိချင်၏။ သို့ဖြင့် သူမသည် မျောက်တစ်ကောင်ကိုဖန်ဆင်းကာ ကမ္ဘာကြီးသို့ဆင်းလာရန်အမိန့်ပေးပြီး ကမ္ဘာမြေကြီးပေါ်တွင် သူမ၏ကလေးများနေထိုင်ရန် ၎င်း၏မျက်နှာပြင်သည် မည်မျှခိုင်မာကြောင်းလာ၍စမ်းသပ်ခိုင်း၏။ မျောက်သည် ကမ္ဘာကြီးသို့ဆင်းလာသော်လည်း ၎င်း၏မျက်နှာပြင်ကိုမတို့ထိမကိုင်တွယ်ပေ။ မျောက်သည် ပြိုင်သူလူမှူး ထံပြန်ရောက်သွားသောအခါဤသို့လျှောက်တင်၏။ “ကမ္ဘာမြေကြီး၏မျက်နှာပြင်သည် အလွန်ပျော့ပြောင်းနူးအိသဖြင့် သင်၏ကလေးများနေရန်မသင့်လျော်ချေ” ဟုပြော၏။ ထိုအခါပြိုင်သူလူမှူးကမျောက်သည် မြေမျက်နှာပြင်ကိုမတို့ထိကြောင်းသိရသဖြင့် မျောက်အားမြေမျက်နှာပြင်တွင်တစ်သက်လုံးမအိပ်ပဲ သစ်ပင်ပေါ်တွင်သာအိပ်စေဟုကျိန်ဆဲသဖြင့် ထိုအချိန်မှစ၍ မျောက်များသည်သစ်ပင်များပေါ်တွင်သာအိပ်တော့သည်။

နောက်တစ်ဖန်ပြိုင်သူလူမှူးသည် ထူးဒီငှက် (မြေမျက်နှာပြင်ပေါ်တွင် အမြဲနားသော ငှက်သေးသေးလေးတစ်မျိုး) ကိုဖန်ဆင်း၍ ကမ္ဘာမြေကြီးသို့ ဆင်းလာခိုင်းပြီးသူမ၏ ကလေးများနေထိုင်ရန် မြေ၏မျက်နှာပြင်သည် မည်မျှမာကျောသည်ကိုသွားရောက် စမ်းသပ်ခိုင်းပြန်၏။ ထူးဒီငှက်သည် ကမ္ဘာမြေကြီးပေါ်သို့ဆင်းလာပြီး မြေပြင်၏လေး ဘက်လေးတံကို ခုန်ပေါက်စမ်းသပ်ကြည့်သည်။ ပြိုင်သူလူမှူးထံပြန် ရောက်လာသည့် အခါထူးဒီငှက်က“သင်၏ကလေးများ ကမ္ဘာမြေကြီးပေါ်မှာ နေထိုင်ရန်အတွက်ရင်း၏ မျက်နှာပြင်ဟာခိုင်မာပါတယ်” ဟုလျှောက်ကြား၏။ ပြိုင်သူလူမှူးသည် ထိုငှက်လေး ကိုချီးမွမ်းပြီး သူမက “သင့်ရဲ့အချိန်တစ်ဝက်ကိုယူ၍ ကျွန်ုပ်နဲ့အတူတူနေထိုင်ပြီး ၆ လ သာမြေမျက်နှာပြင်ပေါ်တွင်နေစေ”ဟုမှာကြား၏။ ထိုနေ့မှစ၍ ထူးဒီငှက်လေးသည် မြေပြင်တွင် ၆ လမျှသာနေထိုင်၍ကျန် ၆ လတွင်ပြိုင်သူလူမှူးနှင့်အတူတူသွား ရောက် နေထိုင်၏။

ထို့နောက်တွင် ပြိုင်သူလူမှူးသည် ကမ္ဘာကြီးပေါ်တွင်ရှိသည့်အလွန်မြင့်မားသောဒေါ သူးမောခူးတောင်သို့ဆင်းလာပြီး ထိုနေရာတွင် သူမ၏ကလေးများကိုစတင်အခြေချ နေထိုင်စေခဲ့သည်။ သူမ၏ကလေးများမျက်စိမြင်လာအောင် မှန်တောင်ကြီးတစ်ခုကို တည်ဆောက်လိုက်သည်။ မှုန်သောမှန်တောင်ကြီး၏အလင်းရောင်ကိုကြည့်ပြီး လှုပ် ရှားသွားလာနိုင်သည်။ ထို့နောက်သူမသည်ရွှံ့စေးမြေဖြင့်တိရစ္ဆာန်များနှင့်ပိုးမွှားများ ကိုစ၍ဖန်ဆင်းသည်။ မည်သည့်အချိန်အခါ၌မဆို သူမသည်ရွှံ့စေးမြေဖြင့် တိရစ္ဆာန် သို့မဟုတ် ပိုးမွှားများကိုဖန်ဆင်းလျှင် ပိုသောရွှံ့စေးမြေကို အဝေးသို့စွန့်ပစ်လိုက် သည်။ တိရစ္ဆာန်နှင့်ပိုးမွှားများအားလုံးဖန်ဆင်းပြီးသည့်နောက် ပိုနေသောရွှံ့စေးမြေ ကြီးကြီးတစ်ပုံကို သူမတွေ့ရသည်။ သူမသည်တဘာလော့ (ရွှံ့စေးမြေတစ်ပုံ) ကိုယူ၍ ဆင်တစ်ကောင်ကိုစ၍ဖန်ဆင်းသည်။ လူသားတို့ကဆင်ကို တဘာလော့ (ရွှံ့စေးကြီး တစ်ပုံ) ဟုခေါ်ဆိုကြသည်။ ဆင်ကြီးကိုဖန်ဆင်းပြီးနောက် တာကျ (ကျန်နေသေးသော ရွှံ့စေးမြေတစ်ပုံ) ဖြင့်ကြွံတစ်ကောင်ကိုဖန်ဆင်းပြီးလူသားတို့ကကြွံကို တာကျ (လက် ကျန်ရွှံ့စေးမြေ) ဟုခေါ်သည်။

ထိုအချိန်တွင် မြေပြင်ပေါ်တွင် အပင်တစ်ပင်မျှမရှိချေ။ သဘာဝအလင်းရောင်သည်

လည်းမရှိချေ။ ဒေါသူးမောခူးပေါ်တွင်ရှိသော မှန်တောင်ကြီး၏မှုန်မွှားသော အလင်း ရောင်သာရှိ၏။ သို့သော် မှိုများသည်မြေမျက်နှာပြင်ကိုဖုံးလွှမ်းနေကာ လူသားတို့ နှင့်တိရစ္ဆာန်များသည် အသက်ရှင်ရန်မှိုများကိုသာစားသုံးကြ၏။



တစ်ခါတွင်ခွေးမဲမဲကြီးတစ်ကောင်သည်မြင့်မားသောမှန်တောင်ကြီးထိပ်သို့တက်လာ ပြီးတောင်၏အခြားတစ်ဖက်တွင်ရှိသော အရာတစ်ခုခုကိုကြည့်၍ ဟောင်နေသည်။ လူသားတို့သည် ရက်စက်ကြမ်းကြုတ်သောခွေးဟောင်သံကိုကြားရသော်လည်းခွေး ကြီးသည်မည်သည့်အရာကို ဟောင်နေမှန်းမသိကြချေ။ လူသားတို့သည်မှန်တောင် ကြီး၏အခြားတစ်ဖက်မှရှိသောအရာကိုသိချင်ကြ၏။ ထို့ကြောင့် ဒေါင်းဖိုတစ်ကောင် ကိုခေါ်ယူ၍ မှန်တောင်ကြီး၏ထိပ်သို့ပျံတက်သွားခိုင်းပြီး တောင်၏အခြားတစ်ဖက် တွင်မည်သည့်အရာများ ဖြစ်ပျက်နေသည်ကိုကြည့်ခိုင်း၏။ သို့ဖြင့်ဒေါင်းငှက်သည်မှန် တောင်ထိပ်ကြီးပေါ်သို့ပျံတက်သွားပြီး မည်သည့်အရာများဖြစ်ပျက်နေသည်ကိုသွား ကြည့်၏။ သို့သော် ဒေါင်းငှက်သည် ဖြစ်ပျက်နေသည့်အရာကိုလူသားတို့အားမည် သို့ရှင်းပြရမည်ကိုမသိချေ။ ထိုဖြစ်ပျက်နေသည့်အရာကိုမသိသဖြင့် ဒေါင်းငှက်သည် ထိုအရာ၏ပုံသဏ္ဍာန်ကို ၎င်း၏အမြီးပေါ်တွင်မှတ်ထားပြီး လူသားများထံသို့ပြန်လာ ခဲ့၏။ သို့ဖြင့်ယနေ့တိုင်ဒေါင်းငှက်သည် ၎င်း၏အမြီးကိုဖြန့်သည့်အခါတွင် နေဖြာတက် နေသည့်ပုံနှင့်တူ၏။ လူသားတို့က မည်သည့်အရာဖြစ်သည်ဟုမေးသော် ဒေါင်းငှက် က “မည်သည့်အရာဖြစ်နေသည်ကိုငါမသိ–ထိုအရာ၏ပုံသဏ္ဍာန်ကို ငါ၏အမြီးပေါ်

တွင်မှတ်ထား၏” ဟုပြောပြသည်။ ထို့နောက်ဒေါင်းငှက်သည် လူသားတို့ရှေ့တွင်၎င်း အမြီးကိုဖြန့်ပြ၏။ သို့သော်လူသားတို့က ထိုအရာသည်မည်သည့်အရာဖြစ်သည်ကို မသိကြသေး။ သို့ဖြင့်လူသားတို့သည် လိပ်ပြာကိုခေါ်၍ မှန်တောင်ထိပ်ပေါ်သို့တက်ခိုင်းပြီး ထိုအရာသည်မည်သည့်အရာဖြစ်သည်ကိုရှင်းပြစေ၏။ လိပ်ပြာသည်တောင်ထိပ်ပေါ်သို့ပျံတက်သွားပြီး တောင်၏တစ်ဖက်တွင် ဖြစ်ပျက်နေသည့်အရာကိုတွေ့ရ၏။ ထိုနည်းတူ လိပ်ပြာသည်လည်း ထိုအရာသည် မည်သည့်အရာဖြစ်သည်ဟုလူသားတို့အားမရှင်းပြတတ်ပေ။ ထို့ကြောင့် ယနေ့အထိ လိပ်ပြာတစ်ချို့၏တောင်ပံတွင်နေလုံးပုံသဏ္ဍာန်နှင့်တူသည့်အဆင်များရှိနေသည်ကို တွေ့နေရမည်။ ၎င်းသည် လူသားများထံသို့ပြန်ရောက်သောအခါ “ထိုအရာသည် မည်သည့်အရာဖြစ်သည်ကို ငါမသိ။ သို့သော်ထိုအရာ၏ပုံသဏ္ဍာန်ကို ငါ့၏တောင်ပံပေါ်တွင်မှတ်ထား၏” ဟုပြောဆို၏။ သို့သော် လူသားတို့က ထိုအရာသည်မည်သည့်အရာဖြစ်သည်ကို မသိကြသေး။ ထိုအရာကို တိတိကျကျသိရန်အတွက် လူသားတို့သည် ဝက်ဖြူတစ်ကောင်ကိုယူ၍ မှန်တောင်ထိပ်ကြီးပေါ်သို့တက်သွားပြီး မသိသောထိုအရာ၏ဝိဉာဉ်အား ဝက်ဖြူကိုသတ်ပြီးယစ်ပူဇော်ပသ၍ခေါ်ယူ၏။

ချက်ချင်းပင် လူသားတို့မသိသောထိုအရာသည် မှန်တောင်ထိပ်ပေါ်တွင်ပေါ်လာ၏။ အမှန်မှာမူထိုအရောင်မှာ “နေ” ဖြစ်ပြီး နေလုံး ၂ လုံးသည်တောင် ကိုကျော်ဖြတ်၍ တက်လာသည်။ ထိုအချိန်၌ ဒေါသူးမောခူးတောင်သည် အလွန်ပူပြင်းလာပြီးမှိုပင်များအားလုံးသေလုနီးပါးဖြစ်သွားသည်။ လူသားတို့နှင့်တိရစ္ဆာန်သားကောင်တို့သည်အစာရေစာငတ်ပြီး ထိုနေရာတွင်များစွာသေကြေဆုံးရှုံးသွားသည်။ သို့ဖြင့် လူသားတို့သည်နတ်ဘုရားမပြိုင်သူလူမူးထံသွားပြီး အကူအညီတောင်းခံကြ၏။ နတ်ဘုရားမသည် ဒူးလေးနှင့်မြားများဖန်တီးပြီး လူသားများအားပေးလိုက်သည်။ ထိုအချိန်တွင် တိရစ္ဆာန်များသည် လူသားတို့၏စကားများကိုနားလည်ကြ၏။ တိရစ္ဆာန်နှင့်လူသားတို့သည်ထိုနေရာတွင်ပင် အကုန်လုံးစုဝေးလာကြပြီး ယင်းတို့နှင့်အလှမ်းသိပ်မကွာသည့်နေတလုံးကို ဒူးလေးဖြင့်ပစ်လိုက်သည်။ သမင်များသည်မြားများကို တည့်မတ်အောင်လုပ်ရသည့်တာဝန်ယူရသောကြောင့် ယနေ့ထိတိုင်သမင်များ၏ဦးချိုကောက်ကွေးနေသည်ကိုတွေ့ရမည်။ ဝက်ဝံများက ဒူးလေးကြိုးများကိုဆွဲထားရသည်။ သို့

ဖြင့်ယနေ့အထိဝက်ဝံများ မတ်တပ်ရပ်နေလျှင်၊ ယင်းတို့သည် တစ်ခုခုကိုဆွဲမထားသ ကဲ့သို့ထင်ရသည်။ နေအနီးတစ်လုံးကို လူသားတို့က ဒူးလေးနှင့်ပစ်သည့်အခါတွင် တိရစ္ဆာန်တို့သည် လူသားတို့ကိုနည်းမျိုးစုံနှင့်အကူအညီပေးကြသည်။ မြွားတို့သည် အလှမ်းနီးသော နေတစ်လုံးကိုထိမှန်သွားသောကြောင့် ၎င်းမှာမှောင်ကျသွားသည်။ ထိုနောက်ပိုင်းမှောင်ကျသွားသောနေကိုလမင်းကြီးဟုခေါ်သည်။ ယနေ့အထိကရင်နီ လူမျိုးများသည်လကို "လဲ(န်)""ကန်းသွားသောနေ" ဟုခေါ်ဆိုကြသည်။ ထိုအချိန် မှစ၍နေ့နှင့်ညများပေါ်ပေါက်လာခဲ့သည်။ မိုးစရွာကာအပင်များပေါက်လာကြသည်။ လူသားတို့သည် လေးဘက်လေးတံဦးတည်ရာလမ်းကြောင်းကိုစတွက်ပြီး အရှေ့အ ရပ်မှနေထွက်လာပြီး အနောက်အရပ်သို့နေဝင်သွားသည်ဟူ၍ သတ်မှတ်ကြသည်။ မကြာမီလများနှင့်နှစ်များတို့လည်း ပေါ်ပေါက်လာသည်။

သို့သော် ထိုနေရာတွင် လူသားများနှင့်တိရစ္ဆာန်များအတွက် အစားအစာမရှိ။ ထို့ကြောင့်လူသားတို့သည်နတ်ဘုရားမထံသို့သွား၍အစားအစာတောင်းလေ၏။ နတ်ဘုရားမက လူသားတို့စိုက်ပျိုးရန်အတွက် စပါးစေ့နှင့်ဟင်းသီးဟင်းရွက်များစွာကို ပေးလိုက်၏ (ထိုအချိန်စပါးစေ့သည်သခွါးသီးလောက်ရှိသည်)။ နတ်ဘုရားမကတစ်ချို့တိရစ္ဆာန်က မြက်များစားရမည်၊ တစ်ချို့က အပင်များကိုစားရမည်၊ တစ်ချို့ကအသီးများစားမည်နှင့်တချို့တိရစ္ဆာန်များက ပိုးမွှားများစားစေဟုမိန့်ကြားခဲ့သည်။ လူသားတို့နှင့်တိရစ္ဆာန်တို့သည် ဒေါ်သူးမောခူးနတ်ဘုရားမ၏ အုပ်ချုပ်မှုအောက်တွင် အတူတူပျော်ရွှင်စွာနေထိုင်ကြသည်။ လူသားတို့သည် တစ်နှစ်တစ်ခါစပါးစိုက်ခြင်းမှလွဲ၍ အခြားမည်သည့်အရာမျှ လုပ်စရာမရှိချေ။ သူတို့သည် အိပ်အိပ်စားစားဖြင့်ပျင်းရိစွာနေထိုင်ကြသည်။ နောက်ဆုံးတွင် လူသားအများစုတို့သည် စ၍နေမကောင်းထိုင်မကောင်းဖြစ်လာသည်။ လူသားတို့သည် နတ်ဘုရားမထံသို့သွားပြီး အကူအညီတောင်းကြ၏။ ထိုအခါနတ်ဘုရားမက ယင်းတို့ကို တိုင်တစ်လုံးစိုက်ထူပြီး ထိုတိုင်ကိုလှည့်ပတ်၍ကခုန်ကြပါဟုမိန့်ကြားသည်။ ထို့နောက် နတ်ဘုရားမက နတ်အော်မူး (ကိုယ်လုံးကြီးသောနတ်ဘုရားမ) အားထိုတိုင်ကိုဦးဆောင်လှည့်ပတ်၍ကခုန်ဖို့ခိုင်းစေလိုက်သည်။ လူသားတို့သည် ထိုတိုင်ကို နေ့တိုင်းလှည့်ပတ်၍ကခုန်ကြသဖြင့်မကြာမီလူသားတို့၏ကျန်းမာရေးကောင်းလာကြသည်။

ဒေါ်သူးမောခူးပေါ်တွင် သစ်ပင်ကြီးများမပေါက်ရောက်ပေ။ အပင်ငယ်များသာလျှင် ပေါက်ရောက်သည်။ ထိုအခါ လူသားများသည် တာပေါ (တံပစ္စည်းလုပ်သောအပင်ငယ်) ဆိုသည့်အပင်ငယ်တစ်မျိုး၏ ပင်စည်ကိုယူ၍ တိုင်ကိုစိုက်ထူရသည်။ လူသားတို့သည်နေ့တိုင်းထိုတိုင်ငယ်လေးကို လှည့်ပတ်၍ကခုန်သဖြင့် သူတို့၏ကျန်းမာရေးကောင်းကြပြီးပျော်ရွှင်နေကြသည်။ နှစ်အတော်ကြာလွန်သောအခါ ဒေါ်သူးမောခူးတောင်မှလွဲ၍ ကမ္ဘာကြီးကို သစ်ပင်ကြီးများကဖုံးအုပ်လာတော့သည်။ လူသားတို့သည်သစ်ပင်ကြီး၏ပင်စည်ဖြင့် တိုင်ကိုစိုက်ထူချင်ကြသည်။ ဒေါ်သူးမောခူးနေရာတစ်ဝိုက်တွင် လူသားတို့သည် သစ်ပင်ကြီးများရှာဖွေကြည့်ကြသော်လည်း ထိုနေရာတွင် လူသားတို့သည် သစ်ပင်တစ်ပင်မျှမတွေ့ပဲရှိနေ၏။ အလွန်မြင့်မားသော သစ်ပင်ကြီးများသည် နက်ရှိုင်းသောကျောက်ကမ်းပါး၏ အခြားတစ်ဖက်တွင်သာ ပေါက်ရောက်နေသည်။ ကျောက်ကမ်းပါးသည် အလွန်နက်ရှိုင်းသဖြင့် လူသားတို့သည် တစ်ခါမှကျောက်ကမ်းပါး၏ အောက်ခြေရင်းသို့မပေါက်ရောက်ကြ။

သို့ဖြင့်လူသားတို့သည် နတ်ဘုရားမပြိုင်သူလူမူးထံသွားကာ တိုင်စိုက်ထူမည့်သစ်ပင်ကြီး၏ပင်စည်ကို ချောက်ကမ်းပါး၏အခြားတစ်ဖက်တွင် မည်သို့ရနိုင်မည်ကိုအကြံဉာဏ်တောင်းကြသည်။ နတ်ဘုရားမက သူတို့အား ကြေးနီစိမ်း၊ မီးသွေးနှင့်မီးပြောင်းများပေးလိုက်သည်။ လူသားတို့က ကြေးနီကိုမီးသွေးနှင့်မီးပြောင်းတို့ကိုယူ၍ အပူပေးကာအရည်ကျိုသည်။ ထို့နောက်လူသားတို့သည် ချောက်ကိုဖြတ်ကျော်သည့်ကြေးတံတားတစ်ခုကို တီထွင်ဆောက်လုပ်လိုက်သည်။ တံတားဖြတ်ကူးနိုင်ရန်အတွက်ချဉ်သောအစားအစာကို လူသားတို့မစားသုံးရဟု တားမြစ်ထားသည်။ သို့သော် လူသားတို့ထဲ၌ “ဇောဖူ”(အနှောင့်အယှက်ပေးသူ၊ အဖျက်သမား) ဟုခေါ်သောလူသားတို့သည် ထိုတားမြစ်ချက်ကို မလိုက်နာပဲ ချဉ်သောအစားအစာကိုစားကြ၏။ လူသားတို့ယုံကြည်ထားကြသည်မှာတစ်ဦးဦးသည်ချဉ်သောအစားအစာကိုစားလျှင်ကြေးတံတားဖြတ်ကူးသွားသောသူများအပေါ်ကံဆိုးမိုးမှောင် (အကုသိုလ်) ကျရောက်မည်ဟူ၍ဖြစ်သည်။ လူသားများသည် ကြေးတံတားကိုဖြတ်ကျော်သွားသည့်အချိန်တွင်နတ်အငယ်(နတ်အော်မူး)သည်ကြေးတံတားပေါ်မှပြုတ်ကျ၍ချောက်နက်ထဲသို့လိမ့်ကျသွားသည်။ ထိုဖြစ်ရပ်ကို အခြားလူသားတို့ သတိမမူမိကြချေ။ လူ

သားတို့သည် ချောက်ကမ်းပါးအရှေ့ဖက်ကမ်းသို့ရောက်သည့်အခါ သင့်လျော်သည့် တိုင်စိုက်ထူမည့်သစ်ပင်များကို ရှာဖွေနေကြသည်။ လူသားတို့သည် ထူးခြားသော သစ်ပင်များ၏အမျိုးထဲမှ တိုင်မြိုင်မေ့ခေါ် ထူးခြားသည့်သစ်ပင်ကိုတွေ့ရှိသွားသည်။ သူတို့သည် စိုက်ထူမည့်တိုင်အတွက် ထိုအပင်ကိုခုတ်လှဲလိုက်သည်။ သို့ဖြင့်ယနေ့ အထိတိုင်မြိုင်မေ့သည် ကရင်နီပြည်သူပြည်သားတို့ အထွတ်အမြတ်ထားသောသစ် ပင်တစ်မျိုးဖြစ်လေသည်။ ထိုသစ်ပင်ကိုခုတ်လဲပြီးသောအခါ လူသားတို့သည်ထိုသစ် ပင်၏ပင်စည်ကိုဖြတ်ယူ၍ ကြေးနီတံတားကိုဖြတ်ကျော်ကာ ဒေါ်သူးမောခူးသို့သယ် ယူလာခဲ့ကြသည်။ လူသားတို့ပြန်ရောက်လာသောအခါ ထိုသစ်ပင်၏ပင်စည်ကို လှ ပသောတိုင်တစ်လုံးဖြစ်အောင်ဆင်ယင်လိုက်သည်။ လူသားတို့အားလုံးသည် ဒေါ် သူးမောခူးဆီသို့စုဝေးရောက်ရှိလာကြပြီး ထိုတိုင်ကိုတည့်မတ်စွာစိုက်ထူလိုက်သည်။ ထိုတိုင်ကိုတည့်မတ်စွာစိုက်ထူပြီးနောက် တံခွန်တိုင်ပွဲတော်ကျင်းပသည့်အနေဖြင့်ထို တိုင်ကိုလှည့်ပတ်၍ ကခုန်ကြသည်။ (ယနေ့ထိတိုင်၊ ကရင်နီအမျိုးသားများသည် တိုင်တံခွန်တိုင်ပွဲတော်ကို တစ်နှစ်တစ်ကြိမ် ကျင်းပပြုလုပ်ကြသည်။)

လူသားတို့သည် တိုင်ကြီးကိုပတ်၍ ကခုန်ကြသောအခါ ကခုန်နေသောလူအုပ်ကြား ထဲတွင်နတ်အော်မူးကိုမတွေ့ရချေ။ သူတို့သည် နတ်အော်မူးပျောက်ဆုံးသွားသည် ကိုသတိထားမိကြသည်။ သို့ဖြင့် လူသားတို့သည် နတ်အော်မူးကိုထွက်ရှာသွားကြ သည်။ သို့သော် သူမကိုရှာ၍မတွေ့ပေ။ နောက်ဆုံးသူတို့သည် ပရယ်လားဒေးဖူး (ကြယ်တစ်လုံးကနေတစ်လုံးဆီသို့ခရီးသွားလာသောနတ်သား) ဆီသို့ရောက်သွား ပြီး ပျောက်သွားသောနတ်အော်မူးကိုထွက်ရှာခိုင်းသည်။ ပရယ်လားဒေးဖူးသည်နတ် အော်မူးကိုရှာဖွေရန်ခရီးထွက်သွားသည်။ နောက်ဆုံးသူသည် ချောက်နက်အောက် ခြေတွင်သေဆုံးသွားပြီးသောနတ်အော်မူးကိုရှာတွေ့သွားသည်။ လူသားတို့ကိုပရယ် လားဒေးဖူးက ချောက်နက်တွင်နတ်အော်မူးလဲ လိမ့်ကျသေဆုံးနေသည်တွေ့ရပြီး သူမရဲ့ရုပ်အလောင်းကို မသယ်ယူလာနိုင်ခဲ့ပါဟုပြောပြသည်။ သို့ဖြင့်လူသားတို့ သည်မာရယားကြာထူး (ခြေထောက်ရှည်သောနတ်သားလေး) ထံသို့သွားပြီးနတ် အော်မူး၏ရုပ်အလောင်းကို ချောက်နက်ထဲမှဆယ်ယူခိုင်းလိုက်သည်။ မာရယားကြာ ထူးသည်ချောက်နက်သို့ဆင်းသွားပြီး နတ်အော်မူး၏အလောင်းကို လူသားများအ

တွက်သယ်ယူလာပေးသည်။ ထို့နောက် လူသားများသည် နတ်အော်မူး၏ရုပ်အလောင်းကိုပတ်လည်စုအုံလာကြသည်။ အောက်မေ့ဖွယ်အထိမ်းအမှတ်အဖြစ် လူသားတို့က နတ်အော်မူး၏ခန္ဓာကိုယ်ဖြင့် နတ်အိမ်တစ်လုံးတည်ဆောက်မည်ဟုဆုံးဖြတ်သဘောတူညီကြသည်။ သူတို့သည် နတ်အော်မူး၏ခန္ဓာကိုယ်နှင့် မည်သို့နတ်အိမ်ဆောက်လုပ်ကြမည်နည်း။ သူမ၏ခြေထောက်အရိုးကိုခုတ်ဖြတ်ပြီး နတ်အိမ်များ၏ဒေါက်တိုင် အဖြစ်စိုက်ထူသည်။ လက်မောင်းရိုးကို ခုတ်ဖြတ်၍ဒေါက်တိုင်အဖြစ်ပြုလုပ်သည်။ လက်အရိုးကိုခုတ်ဖြတ်၍ ထုပ်တန်းအဖြစ်ပြုလုပ်ပြီး နတ်အိမ်၏ဒေါက်တိုင်များနှင့်ဆက်လိုက်သည်။ သူတို့သည် သူမ၏နံရိုးဖြတ်ထုတ်၍ အိမ်ကြမ်းပြင်အဖြစ်ပြုလုပ်သည်။ သူမ၏အရည်ခွံကိုဖြတ်ယူ၍ နံရံအဖြစ်အသုံးပြု၏။ လူသားတို့သည် သူမ၏ဆံချောင်းများကိုဖြတ်ယူ၍ အိမ်ခေါင်မိုးအဖြစ် စသဖြင့်ပြုလုပ်သည်။ နတ်အော်မူး၏ ခန္ဓာကိုယ်အစိတ်အပိုင်းများဖြစ်သည့် အရိုးများ၊ အသားများ၊ အရေခွံများ၊ သွေးများကို နတ်အိမ်အဖြစ်ဆောက်လုပ်ကြပြီး သူမ၏အရိုးတစ်ချောင်း၊ အသားစတစ်စ၊ သို့မဟုတ် သွေးတစ်စက်မှမချန်ထားခဲ့ပေ။ (ထို့ကြောင့် ယနေ့အထိ ကရင်နီအမျိုးသားတို့သည်အရိုး၊ အသားစနှင့်သွေးတစ်စက်မှမကျန်စေပဲ နတ်အော်မူး၏ခန္ဓာကိုယ်နှင့်ဆောက်လုပ်သော နတ်အိမ်ကိုသီချင်းဖွဲ့၍ ကောင်းကောင်းဆိုတတ်သော သူမှသာလျှင် ပြည့်စုံသောအဆိုတော်တစ်ဦးအဖြစ်မှတ်ယူကြသည်။)

သို့ဖြင့်လူသားတို့သည် နတ်အော်မူး၏ ခန္ဓာကိုယ်တစ်ကိုယ်လုံးဖြင့် လုပသောနတ်အိမ်တစ်လုံးကိုဆောက်လုပ်လိုက်သည်။ နတ်အော်မူး၏နတ်အိမ်ပြီးဆုံးသွားသည့်အခါ လူသားတို့သည်ဒေါသူးမောခူးမှရှိသော လူသားအားလုံးနှင့်နတ်သမီး၊ နတ်သားအားလုံးကိုဖိတ်ခေါ်၍ နတ်အော်မူး၏အခမ်းအနားကို ကျင်းပပြုလုပ်ပေးကြသည်။ သို့သော် သူတို့သည်လေကိုဖိတ်ကြားရန်မေ့သွား၏။ ထို့ကြောင့် လေသည်အလွန်ဒေါသထွက်သွားပြီး ဒေါသူးမောခူးတစ်လျှောက်ကို တစ်ရပ်စပ်တိုက်ခတ်သွားသဖြင့်နတ်အော်မူး၏နတ်အိမ်သည် လေနှင့်အတူလွင့်ပါသွားသည်။ လူသားတို့သည်ထိုဖြစ်ရပ်ကိုအလွန်ပင်အလိုမ ကျကြချေ။

သို့ဖြင့်လူသားတို့သည် ပြိုင်သူလူမူးနတ်ဘုရားမထံသွားပြီး “ဒေါသူးမောခူးပေါ်တွင်

ကျွန်ုပ်တို့မနေချင်တော့ပေ။ ကမ္ဘာကြီး၏အနိမ့်တစ်နေရာသို့ ကျွန်ုပ်တို့ပြောင်းရွှေ့နေထိုင်ချင်ကြသည်။ ဒေါ်သူးမောခူးပေါ်တွင် သစ်ပင်ကြီးများမရှိ သောကြောင့်ကျွန်ုပ်တို့ လေကို အလွန်ကြောက်ရွံ့ကြသည်။ လေတိုက်ခတ်သောအချိန်တွင် လေနှင့်အတူ ကျွန်ုပ်တို့လွင့်ထွက်သွားနိုင်သည်။ ကမ္ဘာမြေကြီး၏အောက်တစ်နေရာတွင် သစ်ပင်ကြီးများရှိသဖြင့် ကျွန်ုပ်တို့လေဒဏ်မှ အကာအကွယ်ယူနိုင်သည်" ဟုလျှောက်တင်၏။ သူတို့သည် ဘုရားမကို ကမ္ဘာမြေကြီး၏အနိမ့်တစ်နေရာသို့ ဆင်းသွားသည့်လမ်းအားဖန်တီးခိုင်းလိုက်သည်။

သူတို့အတွက် နတ်ဘုရားမကဒေါ်သူးမောခူးမှကမ္ဘာမြေကြီး၏ အနိမ့်တစ်နေရာသို့ ဆင်းသွားရန် အလွန်ကျယ်၍ရှည်သောမိုးရှိုင်ခေါ်မိုးကောင်းကင်မှမြေပြင်သို့သစ်မျှစ်ကဲ့သို့ တွယ်ဆင်းလာသောလမ်းမကြီးကိုဖန်ဆင်းပေးလိုက်သည်။ လူသားတို့သည် စပါးပျိုးစေ့များ၊ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များကို မသယ်ယူသွားနိုင်သဖြင့် ထိုအရာတို့ကို ကမ္ဘာမြေကြီး၏အနိမ့်နေရာသို့ပစ်ချသဖြင့် မျိုးစေ့များသည် တစ်စစီအစိတ်စိတ်အမွှာမွှာကွဲထွက်သွားသည်။ ထို့နောက် လူသားအားလုံး၊ တိရစ္ဆာန်၊ သတ္တဝါအားလုံးနှင့် ပိုးမွှားအားလုံးတို့သည် ဒေါ်သူးမောခူးကိုစွန့်ခွာ၍ ကမ္ဘာမြေကြီး၏နိမ့်ရာသို့မိုးကောင်းကင်မှမြေပြင်သို့ သစ်မျှစ်ကဲ့သို့တွယ်ဆင်းလာသောလမ်းမကြီး (မိုးမျှစ်) မှဆင်းလာခဲ့ကြသည်။ သူတို့သည် ကမ္ဘာမြေကြီး၏ အနိမ့်ပိုင်းနေရာသို့ ရောက်လာသောအခါ လူသားမှအပ တိရစ္ဆာန်သတ္တဝါများနှင့်ပိုးမွှားတို့သည် အစားအစာရှိကြ၏။ ထို့ကြောင့် လူတို့သည် မိုးမျှစ်ကြီး၏အခေါက်ကိုခုတ်ယူပြီးစားကြ၏။ နေ့အချိန်တွင် လူသားတို့သည် မိုးမျှစ်၏အခေါက်ကိုအကုန်လုံး ခုတ်ယူပြီးစားကြ၏။ ညအချိန်တွင် မိုးမျှစ်၏အခေါက်သည်နဂိုအတိုင်းပြန်ထွက်လာ၏။

သို့ဖြင့်လူသားအယောက်စီတိုင်းသည် မိုးမျှစ်၏အခေါက်ကိုရရန် မနက်စောစောထကြရသည်။ လူသားတို့အထဲ၌ "ဇောဖူး" ဟုခေါ်သော လူပေလူတေများရှိကြ၏။ ထိုသူတို့သည်မနက်တွင် အိပ်ရာထနောက်ကျပြီး မိုးမျှစ်၏အခေါက်ကိုယူရန်ထွက်သွားကြ၏။ သို့သော်ထိုအချိန်တွင် ၎င်း၏အခေါက်များကုန်သွားပြီးဖြစ်၏။ ထိုသူတို့သည်နေ့စဉ်ထိုအခက်အခဲကိုကြုံတွေ့ရ၏။ ထိုသူတို့သည် ဆာလောင်မွတ်သိပ်မှုကို

မခံနိုင်သဖြင့် မိုးမျှစ်ကိုခုတ်ဖြတ်လိုက်၏။ ထိုအချိန်မှာပင် ရတ်တရက်မိုးမျှစ်သည်ဒေါ သူးမောခူးတောင် ပေါ်သို့ပြန်၍လိမ့်တက်သွား၏။ ထိုနေ့မှစ၍ လူသားတို့သည်ဒေါ သူးမောခူးပေါ်သို့ မပြန်သွားနိုင်တော့ပေ။ ကျောက်ဆောင်များသည် အလွန်မတ် စောက်သဖြင့်ငှက်များသည် ဒေါသူးမောခူးအပေါ်သို့ တစ်ကောင်မှပျံမတက်သွားနိုင် ပေ။ ရှဉ့်များသာလျှင် ကျောက်ကမ်းပါးကိုတွယ်တက်ပြီး ဒေါသူးမောခူးပေါ်သို့တက် သွားနိုင်သည်။ သို့ဖြင့်လူသားတို့အတွက် အစာရေစာမရှိတော့ချေ။

လူသားတို့သည် လှွင့်နေသောစပါးစေ့များကိုကောက်ယူပြီး စတင်စိုက်ပျိုးကြ၏။ အ ပင်များကြီးပြင်းလာပြီး သီးနှံထွက်ချိန်ရောက်လာသောအခါ သီးနှံများအထွက်များ ရန်နတ်ဘုရားမက အမိန့်ပေးဖို့ လူသားတို့ကအလိုရှိကြသည်။ သို့ဖြင့်သူတို့သည် ရှဉ့်ကိုခေါ်၍ ဒေါသူးမောခူးဘုရားမထံသို့စေလွှတ်ပြီး စပါးများတစ်နှစ်တွင်ဘယ်အ ချိန်တွင်သီးပွင့်ရမည်ဆိုသည့်အမိန့်ကို သွားယူခိုင်းလိုက်သည်။ ရှဉ့်သည်တောင်ထိပ် သို့ရောက်သွားပြီး လူသားတို့မေးခိုင်းသောအရာများကို နတ်ဘုရားမအားမေး၏။ သို့ဖြင့်နတ်ဘုရားမက စပါးပင်များတစ်နှစ်တွင်သုံးကြိမ်သီးပွင့်ပါဟု အမိန့်ပေးလိုက် သည်။ အပြန်လမ်းတွင် ရှဉ့်သည် တောင်စောင်းတွင်အမြဲပေါက်လေ့ရှိသည့် သစ်ပင် အသီးတစ်မျိုးဖြစ်သည့်ကောင်ဒွေ့သယ်ကိုတွေ့၏။ ထိုအသီးကို လိမ်ကျစ်ခူးယူလိုက် သည်။ ထိုအသီးသည်အလွန်ချိုပြီး အရသာအလွန်ရှိသည်။ ထို့ကြောင့်ရှဉ့်သည်ထိုအ ပင်အားတစ်နှစ်တွင်နှစ်ကြိမ်သီးပါဟု ဘုရားမအမိန့်ပေးသည် ဟုပြောလိုက်၏။ သို့ ဖြင့်ယနေ့တိုင် ထိုအပင်မျိုးသည် တစ်နှစ်လျှင်နှစ်ကြိမ်အသီးသီးပွင့်သည်။ ရှဉ့်သည်လူ သားများထံပြန်ရောက်လာသည့်အခါ တစ်နှစ်တစ်ခါသာ စပါးသီးနှံများသီးပါဟုနတ် ဘုရားမမိန့်တော်မူ၏ဟု လိမ်လည်ပြောဆိုသည်။ သို့ဖြင့် ယနေ့တိုင်စပါးများတစ်နှစ် တစ်ခါမျှသာအသီးသီး၏။

နှစ်များကုန်လွန်ခဲ့သော် လူသားတို့သည် ကမ္ဘာမြေကြီး၏နေရာအနိမ့်တွင်မနေချင် ကြတော့ချေ။ ထိုသူတို့သည် ကမ္ဘာမြေကြီး၏အလယ်ပိုင်းဒေသသို့ရောက်ရှိသွားရန် ကျောက်တံခါးကြီးကိုဖြိုချပစ်ရ၏။ လူသားတို့သည် ကျောက်တံခါးကြီးကိုဖြိုချပစ်နိုင် ရန်အားကုန်ကြိုးပမ်းလုပ်ကြရ၏။ နှစ်အတော်ကြာကြိုးပမ်းပြီး ယင်းကိုဖြိုချပစ်သော်

လည်းမပြိုချနိုင်ချေ။ နောက်ဆုံးတွင် လူသားတို့သည် နတ်ဘုရားမအကူအညီမပါ လျှင်ဖြိုချ၍မရနိုင်ကြောင်း သိရှိသွား၏။ သို့ဖြင့် ရှဉ့်ကိုတစ်ဖန်ခေါ်၍ နတ်ဘုရားမထံ ကျောက်တံခါးကြီးဖြိုချပစ်ဖို့ ဘုရားမ၏ အကူအညီလိုကြောင်း ယင်းကိုသွားတက် ပြောခိုင်း၏။ နတ်ဘုရားမက မီးသွေးနှင့်မီးပြောင်းများကို လူသားများအား ပစ်ချပေး လေသည်။ ထို့နောက် လူသားတို့က မီးသွေးမီးဖိုပြီး မီးပြောင်းဖြင့်မီးမှုတ်လိုက်ပြီး ကျောက်တံခါးကြီးသည် အလွန်ပူလောင်လာကာ တစ်စစီပြိုကွဲကုန်ပြီး ကျောက်တုံး များဖြစ်သွား၏။ ကျောက်တုံးများဖယ်ရှားပစ်ရန် လူသားတို့သည် ကြီးမားသော သတ္တဝါတို့ကို အကူအညီတောင်းကြသည်။ မြင်းနှင့်ဆင်များသာလျှင် လာကူညီကြ ၏။ ရှေးအခါကဆင်တွင်ဦးချိုဖြူဖြူနှစ်ချောင်းရှိသည်။ သို့သော်ငင်းတို့သည်ကျောက် တုံးကျောက်စရစ်ခဲကလေးများကို ဖယ်ရှားပစ်သည့်အခါ ၎င်းတို့အစွယ်များကျိုးသွား လေ၏။ ဆင်တို့သည် ၎င်းတို့၏အစွယ်ကိုကြည့်လိုက်သည်။ ၎င်းတို့၏ဦးချိုကိုကြည့် ၍အလွန်နှမြောလှသဖြင့် ၎င်းတို့ဦးချိုကိုယင်းတို့ပါးစပ်ထဲသို့ငုံထည့်လိုက်ရာ ၎င်း တို့၏အစွယ်များဖြစ်သွား၏။ မြင်းများ၏ငွေဦးချိုသည် ၎င်းတို့နားကြားတွင်ရှိသည်။ ကျောက်တုံးများဖယ်ရှင်းပစ်သည့်အခါတွင် ယင်းတို့၏ဦးချိုကျိုးသွားသည်။ ယင်းတို့ ၏ဦးချိုကိုကြည့်ပြီး သစ်ပင်ပေါ်သို့ပစ်တင်လိုက်သည့်အခါ ချက်ချင်းပင်သရက်သီးများ ဖြစ်သွား၏။

ကျောက်တုံးများဖယ်ရှင်းပစ်ပြီးနောက် လူတို့သည် ကမ္ဘာမြေကြီး၏အလယ်ပိုင်းအ ရပ်ဒေသဆီသို့ဦးတည်သွားကြ၏။ တိရစ္ဆာန်မျိုးပေါင်းစုံလည်း သူတို့နောက်လိုက်ပါ သွားကြ၏။ လမ်းတွင်လူသားတို့က တိရစ္ဆာန်တို့ကိုရပ်တန့်ကာ ဤသို့မေးခွန်းများ မေး၏။ ပထမတွင်သူတို့ကဆင်ကို “ကျွန်ုပ်တို့နောက်ကို သင်တို့မည်သည့်အတွက် ကြောင့်လိုက်လာရသနည်း” ဟုမေး၏။ ထိုအခါဆင်က “ခင်ဗျားတို့အတွက်ကျွန်ုပ်တို့ သစ်တုံးတွေဆွဲပေးမည်” ဟုဖြေ၏။ ပြီးနောက်သူတို့သည် မြင်းကိုထပ်မေး၏။ မြင်း များကလည်း “သင်တို့နှင့်သင်တို့၏အထုပ်အပိုးများကို ကျွန်ုပ်တို့သယ်ပိုးပေးမည်” ဟုဖြေ၏။ ထို့နောက် သူတို့သည် ကုလားအုပ်များကိုမေးပြန်၏။ ကုလားအုပ်တို့က “သင်တို့နှင့်သင်တို့၏အထုပ်အပိုးများကိုသယ်ပိုးပေးမည်” ဟုဖြေဆို၏။ ထို့နောက် နွားများကိုမေးပြန်၏။ နွားများက “သင်တို့အတွက် လှည်းများဆွဲပေးမည်” ဟုဖြေ

ဆိုသည်။ ထို့နောက် ကျွဲများကိုမေး၏။ ကျွဲတို့က "သင်တို့အတွက်ကျွန်ုပ်တို့လယ် ထွန်ပေးမည်" ဟုဖြေ၏။ ထို့နောက်ခွေးကိုမေးပြန်၏။ ခွေးများက "သင်တို့အသက် ကိုကာကွယ်စောင့်ရှောက်ပေးမည်။" ဝက်ကိုမေးပြန်သော ဝက်တို့က "ကျွန်တော် တို့ရဲ့အသားနဲ့သင်တို့ကို အရသာနှင့်ပြည့်စုံသော အစားအစာများကျွေးမွေးမည်" ကြောင်ကိုမေးကြည့်သော် ကြောင်က"သင်တို့အနားမှာနေချင်၏"ဟုဖြေ၏။ ကြက် ကိုမေးပြန်၏။ ၎င်းတို့က"သင်တို့ရှေ့ရေးဖတ်ဖို့အတွက်ကျွန်ုပ်တို့၏အရိုးကိုပေးမည်" ဟူ၏။ လူသားတို့သည် တိရစ္ဆာန်များအမျိုးပေါင်းစုံကိုမေး၏။ လူသားတို့မေးသော တိရစ္ဆာန်တို့သည် လူသားတို့နှင့်အတူနေထိုင်၍ ယနေ့တိုင်လူသားများ၏အကျိုးကို ဆောင်ရွက်ပေး၏။ သို့သော် လူသားတို့မေးခွန်းမမေးသောတိရစ္ဆာန်တို့သည် တော အုပ်တွင် တောရိုင်းတိရစ္ဆာန်များအဖြစ်ကျန်ရစ်ခဲ့သည်။ ဥပမာအားဖြင့် လူသားများ ကြက်များကိုမေးသောအခါ ကြက်များက ကြက်ရိုးကိုဗေဒင်တွက်ဖို့အတွက်ပေးမည် ဆိုသဖြင့်ယနေ့တိုင် ကရင်နီတို့သည် ကြက်ရိုးဖြင့် ကြက်ရိုးဗေဒင်တွက်ကြ၏။ ထိုနေ့ မှစ၍ အချို့သောတိရစ္ဆာန်များသည် တောရိုင်းတိရစ္ဆာန်များဖြစ်သွားပြီး တစ်ချို့မှာ ယဉ်ပါးသောတိရစ္ဆာန်များဖြစ်သွားသည်။

လူသားတို့သည် ကမ္ဘာမြေကြီး၏ အလယ်ပိုင်းအရပ်သို့ရောက်သွားသောအခါ နတ် ဘုရားမ၏ အုပ်ချုပ်မှုအောက်တွင်မရှိတော့ချေ။ လူသားတစ်ယောက်မှ သို့မဟုတ် တိရစ္ဆာန်တစ်ကောင်မှ နတ်ဘုရားမဆီသို့ပြန်သွားပြီး အကူအညီမတောင်းနိုင်တော့ ချေ။ လူသားနှင့်တိရစ္ဆာန်တို့အကုန်လုံးသည် နတ်ဘုရားမကြီး၏ အုပ်ချုပ်မှုအောက် တွင်မရှိတော့ချေ။ ထို့ကြောင့် လူသားတို့သည် တိရစ္ဆာန်တို့၏ဘာသာစကားကို စတင် မေ့လျော့သွားကြတော့၏။ တိရစ္ဆာန်တို့သည်လည်း လူသားတို့၏ဘာသာစ ကားကို နားမလည်ကြတော့ချေ။ လူသားတို့နှင့်တိရစ္ဆာန်တို့ တစ်ယောက်နှင့်တစ် ယောက်၏ဘာသာစကားများနားမလည်ကြတော့သဖြင့် လူသားတို့သည် တိရစ္ဆာန် များကိုသတ်ဖြတ်ပြီး၎င်းတို့၏အသားများကိုစားကြတော့၏။

လူသားတို့သည် ကမ္ဘာမြေကြီး၏အလယ်ပိုင်းအရပ်ဒေသသို့ ရောက်သွားသောအခါ အဖွဲ့များစုစည်းကြ၍ ခွဲခွာနှုတ်ဆက်ခြင်းစကားများ အပြန်အလှန်ဆိုကြပြီး အမှတ်

တစ်ရလက်ဆောင်များလဲလှယ်ကြသည်။ ထို့နောက် တစ်ချို့အဖွဲ့သည် အနောက်ဖက်အရပ်သို့၊ တစ်ချို့အဖွဲ့က တောင်ဖက်အရပ်သို့၊ တစ်ချို့အဖွဲ့က မြောက်ဖက်အရပ်သို့၊ တချို့အဖွဲ့က အရှေ့ဖက်အရပ်သို့အသီးသီးထွက်ခွာသွားကြပြီး တစ်ချို့အဖွဲ့ကကမ္ဘာမြေကြီး၏ အလယ်ပိုင်းဒေသတွင် ကျန်နေရစ်ခဲ့ကြသည်။ နှစ်ပေါင်းများစွာကုန်လွန်သွားခဲ့သော်၊ အဖွဲ့အသီးသီးမှ ကွဲပြားသောဘာသာစကားအသီးသီးကို ပြောဆိုလာကြ၏။ ထို့ကြောင့် အဖွဲ့တစ်ဖွဲ့နှင့်တစ်ဖွဲ့တို့ကယင်းတို့၏ ဘာသာစကားအသီးသီးကို နားမလည်ကြတော့ချေ။ သို့ဖြင့် ထိုအချိန်မှစ၍ကမ္ဘာပေါ်တွင်ဘာသာစကားအမျိုးမျိုးပေါ်ပေါက်လာတော့သည်။ ဤသည်မှာ၊ လူသားတို့ပထမဦးဆုံးဆင်းသက်လာသောအဆင့်ဖြစ်သည်။

# လူ့ဘဝဒုတိယအဆင့်



လူသားနှင့်တိရစ္ဆာန်တို့သည်ကမ္ဘာမြေကြီး၏အလယ်ပိုင်းဒေသသို့ရောက်လာကြသည့်အချိန်တွင် သူတို့သည်ပြိုင်သူလူမူး (ဖန်ဆင်းရှင်နတ်ဘုရားမ) နှင့်အလွန်အလှမ်းဝေးကွာသွားသဖြင့် သူတို့ကိုနတ်ဘုရားမက မအုပ်ချုပ်တော့ပေ။ လူသားတို့သည် တစ်ဦးနှင့်တစ်ဦးအပေါ် တစ်ကိုယ်ကောင်းဆန်လာကာ လောဘမောဟကြီးလာပြီး မနာလိုသဝန်တိုမှုများရှိလာကြသည်။ သူတို့သည် မကောင်းမှုများကိုပြုလုပ်ကြသည်။ သူတို့သည် နတ်ဘုရားမနှင့်အလှမ်းဝေးသွားသောကြောင့် တိရစ္ဆာန်တို့က လူသားတို့၏ဘာသာစကားတို့ကို နားမလည်တော့ပေ။ လူသားတို့သည် တိရစ္ဆာန်တို့ကိုသတ်ဖြတ်စားသုံးကြသည်။

လူသားတို့ကို စီရင်ပြစ်ဒါဏ်ပေးရန်အတွက် မိုးကောင်းကင်ကို ကြယ်တွေနှင့်ပြည့်စုံစေသောဘုရားက လူသားတို့ကို စတင်အုပ်ချုပ်လာသည်။ ထိုဘုရားက ဆိုးသောနတ်များနှင့် ကောင်းသောနတ်အများအပြားတို့ကို ကမ္ဘာမြေကြီးသို့စေလွှတ်လိုက်

သည်။ ကောင်းသောနတ်တို့က လူသားတို့အား ဖေးမကူညီရန်အတွက်စေလွှတ် ပြီးဆိုးသောနတ်တို့ကို လူသားတို့အား အပြစ်ဒါဏ်ပေးရန်အတွက်စေလွှတ်သည်။ နတ်တို့သည် မြစ်၊ တောတောင်၊ ရေချောင်းနှင့်သစ်ပင်တို့ကို ကြည့်ရှုစောင့်ရှောက် သည်။ ဘုရားသည် ဝိဉာဉ်လောကနှင့်ဆိုင်သောအရာတို့ကို ဖန်ဆင်းသောသတ္တဝါ တို့ကိုလည်း ကမ္ဘာမြေကြီးထဲသို့လည်း စေလွှတ်လိုက်သည်။ ဤသတ္တဝါတို့သည် မိုးနှင့်လေတို့ကို ခေါ်နိုင်သောတန်ခိုးရှိပြီး လဲကျနေသောသစ်ပင်များကိုလည်းပြန် လည်စိုက်ထူပေးနိုင်စွမ်းအားရှိသည်။ ဖန်ဆင်းရှင်တို့သည် လူသားတို့၏အလုပ်အ ကိုင်၌လူသားတို့ကိုလည်းအနှောင့်အယှက်ပေးတတ်သည်။ ကမ္ဘာမြေကြီး၏အလယ် ပိုင်းဒေသတွင်ကျန်နေရစ်ခဲ့သောလူသားတို့သည် ကြီးပွားတိုးတက်ပြီး ထိုနေရာတွင် ရွာငယ်လေးများစွာလည်းရှိလာသည်။

တစ်ခါက ကမ္ဘာမြေကြီးအလယ်ပိုင်းအရပ်ဒေသ၌ရှိသော ရွာကလေးတစ်ရွာတွင်လင် မယားနှစ်ယောက်သည် ကလေးလေးယောက်နှင့်အတူနေထိုင်ကြသည်။ သူတို့သည် တောင်ယာခုတ်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြ၏။ တစ်နေ့၊ လင်မယားနှစ် ယောက်သည် တောင်ယာတစ်နေရာခုတ်ယူရန်အတွက် တောထဲဝင်သွားကြသည်။ သူတို့သည် သစ်ပင်များကို ခုတ်လဲပစ်ပြီးအိမ်သို့ပြန်လာခဲ့ကြသည်။ နောက်တစ်နေ့နံ နက်ခင်းတွင် သူတို့သစ်ပင်များထပ်၍ခုတ်လဲရန်အတွက် တောင်ယာထဲသို့သွားကြ သည်။ သို့သော် သူတို့ခုတ်လဲပြီးသောသစ်ပင်များဟာ နဂိုအတိုင်းတည့်မတ်စွာပြန် ရှိနေသည်ကို တုန်လှုပ်ချောက်ချားစွာဖြင့်တွေ့ရသည်။ သူတို့သစ်ပင်တွေကို ထပ်၍ ခုတ်လဲကြပြီးအိမ်ကိုပြန်လာခဲ့ကြသည်။ နောက်တစ်နေ့နံနက်ခင်းတွင် သူတို့သည် တောင်ယာထဲသို့ သစ်ပင်များထပ်မံခုတ်လဲရန် သွားသည့်အခါ ခုတ်လဲထားသော သစ်ပင်အပင်တိုင်းသည်တည့်မတ်စွာပြန်ရှိနေ၏။ သူတို့သည်ရွာထဲတွင်ရှိသည့်ပညာ ရှိတစ်ဦးထံသွားရောက်ပြီး သူတို့တောင်ယာထဲတွင် ဖြစ်ပျက်သောအရာတို့ကိုပြော ပြသည်။ ပညာရှိက ထိုအရာသည် တပျာမူးပယ် (ပေါင်ကြားတွင် အလုံးကြီးကြီးရှိ သောသတ္တဝါ) ၏လက်ချက်ဖြစ်နိုင်သည်ဟု သူတို့ကိုပြောသည်။ ဤသတ္တဝါသည် လဲနေသောသစ်ပင်များကို ၎င်း၏နဂိုနေရာတွင် ပြန်လည်စိုက်ထူပေးနိုင်သောတန်ခိုး ရှိသည်။ ထိုလင်မယားအား ပညာရှိကသူတို့အနေနှင့်ဤသတ္တဝါကိုဖမ်းချင်လျှင်၊ သူ

တို့ဝိုင်အရက်ချက်ပြီး လဲနေသောသစ်ပင်၏ပင်စည်ပေါ်တွင် ဝိုင်အိုးကိုတင်ထားရမည်ဟုအကြံပေး၏။

လင်မယားနှစ်ယောက်သည် ပညာရှိအကြံပေးသည့်အတိုင်းနောက်တစ်ကြိမ်တောင်ယာခုတ်သွားသောအခါ ဝိုင်အရက်ယူသွားကြသည်။ သူတို့သည်သစ်ပင်ကို ခုတ်လဲပြီးသောအခါသစ်ပင်၏ပင်စည်ပေါ်သို့ဝိုင်အရက်ကိုလောင်းထည့်လိုက်သည်။ နောက်တစ်နေ့နံနက်ခင်းတွင် တောင်ယာသို့သွားသောအခါ တပျာမူးပယ်သည် သစ်ပင်၏ပင်စည်ကြီးကြီးပေါ်တွင်အိပ်နေပြီးသူ၏အလုံးကြီးသည်ပေါင်ကြားအနောက်ဖက်တွင်ပြူးထွက်နေသည်။ ထိုသတ္တဝါသည် ဝိုင်ကိုတွေ့ပြီး သောက်ကာမူးသွားသောကြောင့် သစ်ပင်များကိုပြန်လည်မစိုက်ထူနိုင်တော့ပေ။ ယောကျ်ားဖြစ်သူက ဝါးညှပ်တစ်ခုပြုလုပ်ပြီး ထိုသတ္တဝါရှိရာနေရာသို့တစ်ဖြည်းဖြည်းချဉ်းကပ်လာသည်။ သူသည်မှင်စာသတ္တဝါ၏ပေါင်ကြားရှိအလုံးကြီးကို ဝါးနှင့်ညှပ်ကိုင်ထားသဖြင့် ထိုသတ္တဝါသည်နာကျင်စွာဖြင့် အိပ်ရာမှထလာပြီး လွှတ်ပေးဖို့ထိုအမျိုးသားအား တိုးသျိုးတောင်းပန်သည်။ သို့သော်ထိုအမျိုးသားက သူ့ကိုသစ်ပင်ပြန်လည်စိုက်ထူနိုင်သောတန်ခိုးပေးဖို့ထိုသတ္တဝါကိုတောင်းဆိုသည်။ နောက်ဆုံး၌မှင်စာသတ္တဝါသည် နာကျင်သောဝေဒနာကိုမခံနိုင်တော့သဖြင့် ထိုယောကျ်ားကို တောလီးခက်ဖူဟုခေါ်သောလိုတရပုံတစ်လုံးကိုပေးမည်ဟုကတိပြုပြီး သစ်ပင်ကိုလည်း တစ်ခါမှပြန်မစိုက်ထူတော့ပါဟုကတိပေး၏။ ထိုမှင်စာသတ္တဝါသည်ယင်း၏ဝမ်းဗိုက်အတွင်းမှဖါးစည်ကိုယူ၍ထိုယောကျ်ားအားပေး၏။ ထိုယာကျ်ားက သူ့ကိုလွှတ်ပေးလိုက်၏။ ထို့နောက် ထိုလင်မယားနှစ်ယောက်သည် လိုတရပုံတစ်လုံးကိုယူ၍ အိမ်သို့ပြန်လာခဲ့ကြသည်။ အိမ်ပြန်ရောက်လာကြသည့်အခါ သူတို့သည် လိုတရပုံတစ်လုံးကို စက္ကူပုံးကြီးထဲထည့်ကာကလေးများအားဖွင့်မကြည့်ဖို့မှာကြားထားခဲ့သည်။

မနက်တိုင်းတောင်ယာမသွားခင်မိဘနှစ်ဦးသည် ကလေးများကိုထိုပုံးကြီးမဖွင့်ဖို့ထပ်တလဲလဲပဲမှာကြားခဲ့သဖြင့် ကလေးတွေကပုံးထဲမှာ မည်သည့်အရာရှိသည်ကိုသိချင်လာကြသည်။ နံနက်ခင်းတစ်နေ့တွင် မိဘများတောင်ယာထဲသို့ထွက်သွားကြသောအခါ ကလေးတို့သည် ပုံးကိုဖွင့်ကြည့်ကြသည်။ သူတို့သည်တောလီးခက်ဖူ (လိုတရ

ပုံတစ်လုံး) ကိုတွေ့သွားပြီး အပြင်သို့ထုတ်ယူလိုက်သည်။ လိုတရပုံတစ်လုံး၏တန်ခိုး ကိုမိဘများဆီက ကြားဖူးသဖြင့် သူတို့ကယင်းကိုစမ်းသပ်ကြည့်ချင်ကြသည်။ မွန်းလွဲပိုင်းဖြစ်သည့်အတွက် ကလေးများကဆာလာသဖြင့် ထမင်းနှင့်ဟင်းကိုတောင်းဆိုကြပြီး လိုတရပုံတစ်လုံးကိုအခါပေါင်းများစွာတီးလေသည်။ မကြာမီအိမ်သည်အစားအသောက်များဖြင့်ပြည့်သွားသည်။ ကလေးတွေက အစားအစာများကိုအကုန်လုံးမစားနိုင်သဖြင့် သူတို့မိဘများ သူတို့ကိုမည်သို့ပြောမည်ကိုတွေးရင်း ကြောက်ရွံ့လာကြသည်။

သူတို့သည် ထမင်းနှင့်ဟင်းများကို တုတ်ချောင်းများဖယ်ရှားပေးနိုင်မည်ဟုတွေးမိသဖြင့် လိုတရပုံကိုတီး၍ တုတ်ချောင်းများတောင်းလေသည်။ တုတ်ချောင်းများသည် တစ်အိမ်လုံးပြည့်သွားပြီး ထမင်းနှင့်ဟင်းများကိုရှင်းပစ်ရမည့်အစား ဘာမှမလုပ်ကြချေ။ ထို့နောက် ဝက်ကိုထမင်းနှင့်ဟင်းများစားပစ်ပေးရန်အတွက် လိုတရပုံကိုတီး၍ ခေါ်လေသည်။ ဝက်များပေါ်လာပြီး ထမင်းနှင့်ဟင်းစားပစ်ကာ အိမ်ထဲတွင်မစင်စွန့်ကြပြီးထွက်မသွားကြပေ။ ပြီးနောက်ခွေးကိုခေါ်ပြီးဝက်များကိုလိုက်ဖမ်းခိုင်းပြန်သည်။ ခွေးများကလည်း ဘာမှမလုပ်ပေ။ ယင်းတို့သည် ထမင်းနှင့်ဟင်းကိုစားကြပြီးအိမ်ထဲတွင်မစင်စွန့်ကြသည်။

ကလေးများသည်ရေကိုခေါ်ပြီး တုတ်ချောင်း၊ ဝက်၊ ခွေး၊ မစင်၊ ထမင်းနှင့်ဟင်းများဆေးထုတ်ပစ်ခြင်းမှအပ မည်သည့်အကြံကိုမျှမထုတ်တတ်တော့ချေ။ သို့ဖြင့် ကလေးတို့သည်လိုတရပုံကိုတီး၍ရေကိုခေါ်သည့်အခါ အိမ်ကြမ်းပြင်အထိရေလျှံလာလေသည်။ အရာဝတ္ထုအားလုံးသည် ရေပေါ်တွင် ပေါလောမျောနေသည်။ ကလေးတို့သည် ကြောင်ဖြူတစ်ကောင်၊ လိုတရပုံနှင့်လိုအပ်သည့်အရာများကိုယူပြီး ခရားအိုးကြီးထဲသို့ခုန်ဆင်းလိုက်သည်။ ကလေးတို့သည် ဖါးစည်၏တန်ခိုးကိုနားမလည်ကြပေ။ ဖါးစည်၏တန်ခိုးသည်တစ်ခုခုကိုတီထွင်နိုင်သည်။ သို့သော်ယင်းတွင်တခုခုပျောက်သွားအောင်လုပ်သောတန်ခိုးမရှိချေ။ ကလေးတို့သည်ရေပြန်ဆင်းရန်အမိန့်ပေးပြီးဖါးစည်ကို ကြိမ်ဖန်များစွာရိုက်သော်လည်း ရေပြန်မဆင်းသွားပေ။ ရေကြီးသထက်ကြီးလာပြီးတောင်တန်းတွေကို ရေလွှမ်းမိုးသွားသည်။ သို့ဖြစ်၍ ကမ္ဘာမြေကြီးတစ်ခုလုံးသည်

ရေအောက်တွင်ရောက်သွားသည်။ ရေလွှမ်းမိုးသောကြောင့် လူသားတို့သည် သေကြေပျက်စီးကုန် လုနီးပါးပင်ဖြစ်သည်။ လှေ၊ သဘော်၊ ဖောင်၊ သစ်တုံးခြောက်၊ နှင့်ခရားအိုး ရှိသောလူသားတို့သည် လွှတ်မြောက်ကြသော်လည်း ရေပေါ်တွင်ရက်ပေါင်းများစွာ ပေါလောမျောပါသွားသည်။ ကလေးတို့သည် ခရားအိုးထဲတွင်မျောပါသွားသဖြင့်လိုတရပုံကို တစ်ခြမ်းဖဲ့ပြီး ယင်းကိုရေထဲသို့ပစ်ချသောအခါရေနည်းနည်းလျော့ကျသွားသည်။ နောက်တစ်ပြားထပ်ဖဲ့ပြီး ရေထဲပစ်ချလိုက်သည့်အခါ ရေကျသွားပြန်သည်။ နောက်ဆုံးတွင် ကလေးတို့သည်ခြေကုန်လက်ပန်းကျပြီး လိုတရပုံကို ရေထဲသို့ပစ်ချလိုက်သည်။

ထိုအချိန်တွင် သမုဒ္ဒရာရေမျက်နှာပြင်မှ ပေါ်လာသောငါးကြီးကြီးတစ်ကောင်သည် လိုတရပုံကိုခိုးယူကာ အလွန်နက်ရှိုင်းသောသမုဒ္ဒရာသို့ သယ်ယူသွားသည်။ ထိုငါးသည်လိုတရပုံကိုကြည့်ရှုစောင့်ရှောက်ပြီးတစ်ပတ်ပြီးတစ်ပတ်ပတ်၍နေသည်။ တစ်ပတ်ပြီးတစ်ပတ်ပတ်ပြီး တစ်ခါတစ်လေသူ့အမြီးကို တစ်ခြားငါး၏အမြီးဟုထင်ကာ ရိုက်ချလိုက်သည်။ နာကျင်သောဝေဒနာကြောင့် ခန္ဓာကိုယ်သည် တွန့်လိမ်ရွေ့လျားသွားသောကြောင့် ကမ္ဘာမြေကြီးတွင် မြေငလျင်လှုပ်ခြင်းများခံစားရသည်။ ယနေ့အထိကရင်နီလူမျိုးများယုံကြည်ကြသည်မှာ ဖါးစည်ကိုစောင့်ကြည့်သော ဤငါးကြီးကြီးကြောင့် မြေငလျင်လှုပ်ခြင်းများဖြစ်ပေါ်လာရသည်ဟုဆိုသည်။ ကလေးတို့သည် လိုတရပုံကိုရေထဲပစ်ချသွားသောအခါ ရေခမ်းခြောက်သွားပြီး ကုန်းမျက်နှာပြင်ပြန်ပေါ်လာသည်။ ရေဘေးဒါဏ်မှလွှတ်မြောက်သောလူသားတို့သည် မြေပြင်ပေါ်သို့ပြန်လည်အခြေချနေထိုင်တော့သည်။ လူတို့သည် ငါးဖမ်းသောအလုပ်ဖြင့် အသက်မွေးဝမ်းကြောင်းပြုကြ၏။ လူတို့သည်ငါးထွက်ရှာရင်း တစ်ဦးနှင့်တစ်ဦးပြန် လည်တွေ့ဆုံကြပြီး တစ်ဖန်ပြန်လည်ပူးပေါင်းကြသည်။ သူတို့အားလုံးသည် ကမ္ဘာမြေကြီး၏အလယ်ပိုင်းဒေသတွင်နေသည့်အတွက် အများပြောတတ်သောဘာသာစကားဖြင့်တစ်ဦးနှင့်တစ်ဦးပြောဆိုကြသည်။ သူတို့သည် ကျေးရွာများထူထောင်ကြပြီး တောင်ယာခုတ်ကြသည်။ နှစ်များကုန်လွန်ခဲ့သောအခါ ပြိုင်သူလူမှုးမှ ဆင်းသက်လာသောလူသားများသည် ကမ္ဘာမြေကြီးကို နောက်တစ်ကြိမ်ပြန်လည်လွှမ်းမိုးလာခဲ့သည်။

# တတိယအဆင့်



ရေလွှမ်းမိုးပြီးနောက် နှစ်ပေါင်းများစွာကုန်လွန်ခဲ့သောအခါ ပြိုင်သူလူမူး (ဖန်ဆင်းရှင် ဘုရားမ) မှဆင်းသက်လာသော လူသားတို့သည် ကမ္ဘာမြေကြီးအလယ်ပိုင်းဒေသတွင်နောက်တစ်ဖန် ပြန်လည်တိုးပွားလာခဲ့သည်။ ရွာငယ်များစွာရှိပြီးလူသားတို့ သည်တောင်ယာခုတ်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြ၏။

ရွာငယ်လေးတစ်ရွာတွင် ယောကျ်ားလေးတစ်ယောက်သည် သူ၏အဖွားနှင့်အတူနေထိုင်သည်။ ငယ်စဉ်ကတည်းက မိဘများကွယ်လွန်သွားသဖြင့် ကြီးပြင်းလာသည်အထိအဖွားက ကျွေးမွေးပြုစုစောင့်ရှောက်ပေးခဲ့သည်။ တစ်နေ့တွင် ထိုအမျိုးသားက အဖွားအား တစ်ယောက်ယောက်နှင့်လိင်ဆက်ဆံချင်သည်ဟုတောင်းဆိုသည်။ အဖွားက အိမ်အောက်သို့သွားပြီး ကျွဲမအဖြူလေးတစ်ကောင်နှင့်လိင်ဆက်ဆံပါဟုအကြံပေး၏။ ညနေတိုင်း ထိုအမျိုးသားသည် ကာမဆက်ဆံချင်စိတ်ရှိသည့်အခါတိုင်း အဖွားကသူ့ကို ကျွဲမဆီသာဆက်ပို့၏။ နောက်ဆုံးထိုကျွဲမလေးတွင် ကိုယ်ဝန်ရှိလာ

၏။ ကျွဲမလေးသည် ၇ နှစ်၊ ၇ လ နှင့် ၇ ရက်ကြာသန္ဓေလွယ်ထားရသည်။

နောက်ဆုံးကျွဲမလေးသည် "ဗူးသီးစေ့" တစ်လုံးကိုဖွားမြင်၏။ ထိုယောကျ်ားလေးသည်ဗူးသီးစေ့ကိုယူ၍ အရှေ့ဖက်အရပ်သို့ထွက်ခွာသွားသည်။ သူသည်ဗူးသီးစေ့ကို အလွန်နက်သော ချောက်ကမ်းပါး၏အဖျားတွင်သွားကြဲပစ်ခဲ့သည်။ နေ့ရက်များတရွေ့ရွေ့ဖြတ်ကျော်သွားသလို ဗူးပင်ထွက်လာ၍တဖြည်းဖြည်းကြီးပြင်းလာပြီးအကိုင်းအခက်များထွက်လာ၏။ ဗူးပင်တွင် အညွန့်လေးညွန့်ရှိသည်။ ပထမ တစ်ညွန့်သည် မြောက်ဖက်အရပ်သို့တွားသွားသည်၊ ဒုတိယတစ်ညွန့်သည်အနောက်ဖက်အရပ်သို့တွားသွားသည်၊ တတိယအပင်သည် တောင်ဖက်အရပ်ဆီသို့တွားသွားပြီး နောက်ဆုံးတစ်ပင်သည် အရှေ့ဖက်အရပ်သို့တွားသွားသည်။ နောက်ဆုံးတွင် ဗူးပင်၏အပွင့်များဖူးပွင့်လာသည်။ ဗူးပင်များ၏ အပွင့်များပွင့်လာပြီး ဗူးသီးလေးများထွက်လာသည်။ ပျားပိတုန်းနှင့်လိပ်ပြာအမျိုးပေါင်းစုံရောက်လာကာ ပန်းဝတ်ရည်များကိုစုတ်ယူကြသည်။ သို့သော်နွားချေးပိုးတို့က ပန်းဝတ်ရည်ကိုစုတ်ယူ၍မရပေ။ ယင်းတို့သည် ပျားနှင့်လိပ်ပြာတို့ကို မနာလို၍နတ်သားများထံသွားပြီး ဗူးပင်သည်လူသားမွေးဖွားလာသည်ဟုပြော၏။ ယင်းတို့က ဗူးသီးများထဲတွင် လူသားများရှိပြီးအသီးများကမ္ဘာပေါ်တွင်ကြီးပြင်းလာလျှင် လူသားများသာရှိပြီး တိရစ္ဆာန်တို့နေထိုင်ရန်အတွက်နေရာမရှိတော့ပါဟုပြောဆိုအကြံပေး၏။ နတ်သားတို့သည် နွားချေးပိုးကိုယုံကြည်ကြသဖြင့် သူတို့လုံ၏ဝိညာဉ်များကို သမုဒ္ဒရာ၏အောက်ခြေသို့ ပစ်ချလိုက်သည်။ သူတို့၏လုံများသည် လိုတရပုံကိုစောင့်သော ငါးကြီးကိုထိမိသဖြင့် ငါးသည် ရှန်းရင်းဆန်ခတ်ပြုသဖြင့်မြေလျှင်ကြီးကြီးလှုပ်ခတ်သကဲ့သို့ တုန်ဟည်းသွားသည်။ ချောက်နက်ကြီးထဲမှကြီးထွားလာသော ဗူးသီးမှအပ အခြားအသီးသေးသေးလေးများမှာ အကုန်လုံးပုပ်သိုးပျက်စီးသွားသည်။ ထိုဗူးသီးသည် တစ်ဖြည်းဖြည်းကြီးသည်ထက်ကြီးလာပြီး ချောက်ကမ်းပါးတစ်ခုလုံးကိုလွှမ်းမိုးသွားသည်။ ထိုအသီးမှည့်လာသောအခါ အပင်သေသွားပြီး နေပူထဲတွင်ဗူးသီးခြောက်သွားသည်။

လူသားများကဗူးသီးခြောက်ဘေးတွင် ဖြတ်သွားဖြတ်လာသည့်အချိန် "ကျွန်ုပ်တို့ကိုဖွင့်ပေးပါ၊ ကျွန်ုပ်တို့ကိုဖွင့်ပေးပါ"ဟုဗူးသီးမှလာသောအသံကိုလူသားတို့ကြားရ

သည်။ သို့ဖြင့်လူသားတို့သည် ပုဆိန်များယူလာကာ စုဝေး၍ဗူးသီးကိုခုတ်ဖွင့်ကြသည်။ ဗူးသီးကိုဖွင့်ဖို့ ခုနစ်ရက်ကြာသော်လည်း နောက်ဆုံးဗူးသီးပွင့်လာပြီး အထဲကရှိသောလူသားများအပြင်သို့ ထွက်လာနိုင်သည်။ ဗူးအခွံလွှာနှင့်နီးသော လူသားတို့သည်အသားမဲကြသည်။ အလယ်ထပ်လွှာတွင်နေသောလူသားတို့သည်အသားဝါကြသည်။ အလည်ဗဟိုတည့်တည့်အလွှာတွင်နေသော လူသားတို့သည် အသားဖြူကြသည်။ ဗူးသီးကိုခွဲသည့်အခါတွင် ဗူးသီးအထဲမှ လူသားတို့သည် ပုဆိန်နှင့်ဗူးသီးခွံအပိုင်းအစများကြောင့် ဒါဏ်ရာရကြသည်။ လူသားတစ်ချို့သည် ခြေထောက်သို့မဟုတ် လက် သို့မဟုတ် ခန္ဓာကိုယ် သို့မဟုတ် ပါးစပ် သို့မဟုတ် မျက်လုံးတွင် ဒါဏ်ရာရကြသဖြင့် ယနေ့အထိ ကရင်နီလူမျိုးတို့ယုံကြည်ကြသည်မှာ ချွတ်ယွင်းချက်ပါမွေးဖွားလာသောသူ (ဥပမာ–ခြေ၊ လက်၊ နား၊ အမှတ်အသား၊ ပါးစပ်၊ မျက်စိမမြင်သော ချွတ်ယွင်းချက်ရှိသူစသဖြင့်) တို့သည် ဗူးသီးမှဆင်းသက်လာသောလူသားများဖြစ်သည်ဟုယူဆကြသည်။

ဗူးသီးမှထွက်လာသောလူသားတို့သည် ယခင်ရှိပြီးသားလူသားတို့နှင့် အတူတူနေထိုင်ကြသည်။ ထို့နောက် အသားအရောင်တူသော လူသားအချင်းချင်း အတူတကွပူးပေါင်းနေထိုင်ကြသည်။ အသားမဲသောလူသားတို့သည် အနောက်တောင်အရပ်သို့၊ အသားဖြူသောလူသားတို့သည် အရှေ့မြောက်အရပ်သို့သွားပြီး အသားဝါသောသူတို့သည် အရှေ့အရပ်ဘက်သို့ အသီးသီးထွက်သွားကြသည်။ သို့သော်တချို့လူသားများသည် ကမ္ဘာမြေကြီးမှ ကျန်ရှိနေသောလူသားတို့နှင့်အတူတူကမ္ဘာမြေကြီး၏အလယ်ပိုင်းအရပ်ဒေသတွင် နေထိုင်ကျန်ရစ်ခဲ့ကြသည်။ ယနေ့တွင်အသားအရောင်သုံးမျိုးရှိသည်။ ထိုအသားအရောင်များမှာ အဖြူရောင်၊ အမဲရောင်နှင့်အဝါရောင်များဖြစ်ကြသည်။ ထိုအသားသုံးရောင်များမှအပ အသားအရေကွဲပြားသောသူတို့သည် အစကနဦးက ပေါ်ပေါက်ပြီးသောလူသားနှင့် ဗူးသီးမှဆင်းသက်လာသောလူသားတို့မှရောနှော၍မွေးဖွားလာသောသူများဖြစ်သည်ဟုအဆိုရှိသည်။

# စတုတ္ထအဆင့် – လူမျိုးစုများ၏ဖခင်



ကမ္ဘာမြေကြီး၏အလယ်ဒေသရှိရွာတစ်ရွာတွင် သားသုံးယောက်ရှိသောမိသားစုတစ်စုနေထိုင်ကြသည်။ သားအကြီးသည် အသားဝါ၍ဆံပင်အရောင်မဲပြီး မျက်လုံးအရောင်မှာလည်းမဲသည်။ သူ၏နာမည်မှာ ပေါးပယ်ဟုခေါ်သည်။ သားအလတ်မှာ အသားဖြူပြီး ဆံပင်မှာ မီးခိုးရောင်နှင့်မျက်လုံးအရောင်ပြာသည်။ သူ၏အမည်မှာ ခူလားပယ်ဖြစ်သည်။ အငယ်ဆုံးသားသည် အသားနီပြီး ဆံပင်အရောင်မဲကာ မျက်လုံးအရောင်မဲသည်။ သူ၏အမည်မှာ ကယားလီးပယ်ဟုခေါ်သည်။ ထိုညီအစ်ကိုသုံးဦးသည် လူမျိုးများ၏ဖခင်ဖြစ်နိုင်ချေရှိသည်ဟု နတ်ဘုရားကသိသည်။

နတ်ဘုရားသည် အဖိုးအိုတစ်ဦးသို့အသွင်ပြောင်းပြီး ထိုညီအစ်ကိုသုံးယောက်ဆီသို့ဆင်းလာသည်။ သို့ဖြင့် သားတစ်ယောက်စီကို စာအုပ်တစ်အုပ်စီပေး၏။ သားအကြီးဆုံးပေါးပယ်ကို ကြေးနီပုဂံပေါ်တွင်ရေးသားထားသော ဗျည်းအက္ခရာကိုပေး၏။ သားအလတ်ခူလားပယ်ကို သားရေပေါ်တွင်ရေးထားသော ဗျည်းအက္ခရာကိုပေး၏။

ထိုအချိန် ညီအငယ်ဆုံးကယားလီးပယ်သည် အိမ်တွင်မရှိချေ။ သူသည်တောင်ယာထဲတွင်သွား၍အလုပ်လုပ်နေသည်။ နတ်ဘုရားသည် တောင်ယာသို့သွားပြီးကယားလီးပယ်ကိုရွှေပုဂံပေါ်တွင်ရေးသားထားသော ဗျည်းအက္ခရာကိုပေး၏။ ညီအငယ်ဆုံးသည်ပုဂံကိုယူပြီး သစ်ပင်၏ပင်စည်ပေါ်တွင်ထိုင်နေ၏။ ထို့နောက် နတ်ဘုရားကသူ့ကိုစမ်းချောင်း၏တစ်ဖက်ကမ်းသို့ သွားကူးပို့ခိုင်း၏။ သို့သော် ကယားလီးပယ်ကအအလုပ်မပြီးပြတ်သေးသဖြင့် တစ်ခဏစောင့်ရသည်။ ထိုအချိန်အစ်ကိုလတ်ခူလားပယ်ရောက်လာပြီး နတ်ဘုရားကိုချောင်း၏တစ်ဖက်ကမ်းသို့သွားပို့ပေးမည်ဟု ကတိပေး၏။ ထိုသို့လုပ်ဆောင်သဖြင့် နတ်ဘုရားကသူ့ကိုကောင်းချီးပေး၏။ အဖိုးအိုသည်ရုတ်တရက်နေအလင်းရောင်ကဲ့သို့လင်းလက်သွားပြီးနတ်ဘုရားအဖြစ်သို့ပြန်၍ကူးပြောင်းသွား၏။

အစ်ကိုလတ်သည် သူ၏ညီအငယ်ဆုံးရှိရာနေရာသို့ လှည့်ပြန်လာခဲ့ပြီးနတ်ဘုရားကသူ့ညီကိုပေးထားခဲ့သော ရွှေပုဂံပေါ်တွင်ရေးသားသည့် ဗျည်းအက္ခရာများကိုတွေ့သွားသဖြင့် အစ်ကိုလတ်ကညီငယ်၏ရွှေပန်းကန်ကို ယင်း၏သားရေပြားနှင့် လဲချင်သည် ဟုပြောသောအခါ ညီငယ်ကလဲမည်ဟုသဘောတူညီ၏။ ခူလားပယ် သည်ရွှေပန်းကန်ကိုယူပြီး သားရေပြားကိုမည်သည့်နေရာတွင်ချရမည်ဟု သူ့ညီအားမေး၏။ ကယားလီးပယ်ကသစ်ပင်၏ပင်စည်ပေါ်တွင်ချန်ထားခဲ့ပါဟုဆို၏။ ထို့နောက်အစ်ကိုဖြစ်သူသည် သားရေပြားကိုသစ်ပင်၏ပင်စည်ပေါ်တွင် ချန်ပေးထားခဲ့ပြီးထွက်ခွာသွားသည်။

နေဝင်သောအချိန်တွင် ကယားလီးပယ်သည် တောင်ယာထဲတွင်အလုပ်လုပ်ပြီးနောက် သားရေပြားပေါ်တွင် ရေးသားထားသောဗျည်းအက္ခရာကို သွားကြည့်သောအခါခွေးသည်သားရေပြားကိုယူပြီး စားနေသည်ကို တုန်လှုပ်ချောက်ချားစွာဖြင့်တွေ့ရသည်။ ခွေးကသားရေပြားစားပြီး မစင်စွန့်သောအခါ ကြက်ကလေး၊ ကြက်ဖနှင့်ကြက်မတစ်ဖွဲ့သည်ခွေးချေးကိုသွားစား၏။ ကယားလီးပယ်သည် ကြက်ကလေးကိုအမြန်ဖမ်းချုပ်ပြီးသတ်ကာ အရိုးကိုဖယ်ပစ်ပြီး ကြက်ထဲတွင်ဘုရားသခင်၏စကားလုံးများကျန်ရှိနေသေးသလားသိချင်၏။ ကြက်ရိုးထဲမှ နတ်ဘုရား၏စကားလုံးဂါထာများ ကျန်ရှိနေ

သည်ကိုတွေ့ရသည်။ ထို့ကြောင့် ယနေ့အထိ ကယားလူမျိုးတို့သည်ကြက်များ၏အရိုးကိုယူ၍ ကြက်ရိုးဖြင့်ရှေ့တွင်ဖြစ်လာမည့်အရာများကို ဟောကိန်းထုတ် ဗေဒင်တွက်ပြီးအကူအညီများတောင်းကြသည်။ ဗျည်းအက္ခရာသာပေးသောနတ်ဘုရားက ညီအငယ်ကိုပေးလိုက်သော ဗျည်းအက္ခရာသားရေပြားပျောက်သွားသည်ကိုသိသည်။ သို့ဖြင့် နတ်ဘုရားသည် ကယားလီးပယ်ထံသို့ဆင်းလာပြီး သားရေပြားပေါ်တွင်ရေးသားသောဗျည်းအက္ခရာအသစ်တစ်ချပ်ကိုထပ်ပေး၏။

ညီအစ်ကိုသုံးဦး၏အမျိုးအနွယ်များသည် ကမ္ဘာမြေကြီး၏ အလယ်ပိုင်းအရပ်ဒေသတွင် အတူတကွနှစ်ပေါင်းများစွာနေထိုင်လာခဲ့ကြသည်။ ထို့နောက် လူဦးရေတိုးပွားလာသဖြင့် အစ်ကိုအကြီးဆုံးဖြစ်သူ ဟေးပယ်၏အဆက်အနွယ်သည် တောင်အရပ်သို့ရွှေ့ပြောင်းသွားသည်။ ခူလားပယ်၏အမျိုးအနွယ်သည် အနောက်အရပ်သို့ရွှေ့ပြောင်းနေထိုင်ပြီး ကယားလီးပယ်၏အမျိုးအနွယ်သည် အလယ်ပိုင်းဒေသတွင်နှစ်ရာပေါင်းများစွာနေထိုင်ကျန်ရစ်ခဲ့သည်။ အလယ်ပိုင်းဒေသတွင် ရာသီဥတုစတင်ခြောက်သွေ့လာပြီး တစ်ဖြည်းဖြည်းသဲကန္တာရအဖြစ်သို့ရောက်ရှိသွားသည်။ ကယားလီပယ်အမျိုးအနွယ်က ၎င်းကိုထီးရှီးတာမာတာရူ (သန့်ရှင်းသောရေနှင့်သဲစီးဆင်းသည့်နေရာ) ဟုခေါ်ကြသည်။ ရာသီဥတုပူပြင်းခြောက်သွေ့လာသောကြောင့် လူသားများသည် စပါးမစိုက်ပျိုးနိုင်တော့ပေ။ ထို့ကြောင့် ကယားလီပယ်အမျိုးအနွယ်တစ်ချို့နှင့်ထိုနေရာတစ်ဝိုက်တွင် နေထိုင်ကြသောလူသားတို့သည် တောင်အရပ်သို့ ခရီးထွက်လာခဲ့ကြသည်။

တစ်ချို့လူသားများသည်နောက်တွင်နေရစ်ခဲ့ကြသည်။ တောင်အရပ်သို့လာကြသောလူသားများ ထိုနေရာသို့ရောက်လာသည့်အခါ တိုင်းပြည်များထူထောင်ကြသည်။ သို့သော်ဟေးပယ်အမျိုးအနွယ်တို့က ထိုတိုင်းပြည်များကိုတိုက်ခိုက်ဖျက်စီးပစ်လိုက်သည်။ ထို့ကြောင့် ကယားလီးပယ်အမျိုးအနွယ်တို့သည်ပို၍ဝေးသောတောင်အရပ်တစ်နေရာသို့ ပြောင်းရွှေ့နေထိုင်ပြီး တိုင်းပြည်အခြားတစ်ပြည်ကို ထူထောင်လိုက်သည်။ ထိုတိုင်းပြည်ကိုလည်း ဟေးပယ်အမျိုးအနွယ်တို့က တိုက်ခိုက်ဖျက်ဆီးပစ်လိုက်သည်။ ထို့နောက် သူတို့သည် ပို၍ဝေးသောတောင်အရပ်တစ်နေရာသို့ရွှေ့ပြောင်းနေထိုင်ပြီး နောက်ဆုံးတိုင်းပြည်တစ်ပြည်ကို ထူထောင်လိုက်သည်။ သို့သော်

လည်းနောက်ဆုံးတွင်အခြားလူမျိုးများကထိုတိုင်းပြည်ကိုတိုက်ခိုက်ဖျက်ဆီးပစ်လိုက်ပြန်သည်။

ဟေးပယ်နှင့်ကယားလီးပယ်အမျိုးအနွယ်တို့သည် ပို၍ဝေးသောတောင်အရပ်ဒေသသို့ရွှေ့ပြောင်းနေထိုင်ကြသည်။ ယင်းတို့ကို ဘိုးဘေးများ၏အမည်ယူထားသောညီအစ်ကိုနှစ်ဦးမှဦးဆောင်ခဲ့သည်။ ယင်းတို့သည် မုတ္တမပင်လယ်ကွေ့ (ယခုရန်ကုန်မြို့အရှေ့တောင်ပိုင်း) သို့ရောက်ရှိလာသည်။ သံလွင်မြစ်ကို ဖြတ်ကူးပြီးသည့်နောက်ယင်းတို့သည်ပင်လယ်ကမ်းခြေတစ်လျှောက်လိုက်သွားကြသည်။ ကယားလီးပယ်အမျိုးအနွယ်တို့သည် ပုဇွန်ထုပ်ကြီးများကို အများအပြားဖမ်းမိ၏။ သူတို့သည်ခရီးသွားရင်းပုဇွန်ထုပ်ကို ပြုတ်ပြီးစားသောက်ကြသည်။ ယင်းတို့သည် ပုဇွန်ထုပ်ကိုပြုတ်သည့်အခါ ပုဇွန်ထုပ်၏အရောင်သည် အနီရောင်ဖြစ်သွားသည်။ ယင်းတို့ကပုဇွန်ထုပ်ထဲတွင် သွေးများရှိနေသေးသည်ဟုထင်၍ ပုဇွန်ထုပ်ကိုပြုတ်ပြီး ရက်ပေါင်းများစွာစောင့်ကြည့်နေကြသည်။

ဟေးပယ်အမျိုးအနွယ်တို့သည် ဆက်လက်ပြောင်းရွှေ့ချင်ကြသဖြင့် ဟေးပယ်သည်သူ၏ညီအငယ်ကယားလီးပယ်ကိုခေါ်၍ ယင်းတို့ဆက်လက်၍ ခရီးထွက်ချင်သည်ဟုပြောပြ၏။ ဟေးပယ်က ညီငယ်ကယားလီးပယ်နှင့်သူ့လူများက ယင်းတို့ခြေရာကောက်ပြီး လိုက်လာနိုင်ရန်အတွက် လမ်းတစ်လျှောက်တွင် သစ်ပင်များနှင့်အပင်များကိုခုတ်လဲပစ်ခဲ့မည်ဟုပြော၏။ ဤသို့မှာကြားခဲ့ပြီးနောက်အစ်ကိုဖြစ်သူကဆက်လက်ထွက်ခွာလာခဲ့သည်။ သူတို့သည် ခရီးသွားရင်းလမ်းတွင် ငှက်ပျောပင်များနှင့်ဓနိပင်များကိုခုတ်လဲပစ်သည်။ ထိုအပင်များကို မနက်စောစောတွင်သာ ခုတ်လှဲနိုင်ပြီးလျှင် ညနေတွင်မူ ထိုအပင်များပြန်ထောင်လာသည်။

ကယားလီးပယ်နှင့်နောက်လိုက်များသည် နောက်ဆုံးတွင်ပုဇွန်ထုပ်များကျက်ပြီးစား၍ရကြောင်းသိသွားသဖြင့် သူတို့သည် ပုဇွန်ထုပ်များကိုစားပစ်လိုက်သည်။ သူတို့သည်အစားစားသောက်ကြပြီးနောက် ကယားလီးပယ်နှင့်နောက်လိုက်နောက်သားများသည် အစ်ကိုဖြစ်သူ၏နောက်တွင် စလိုက်လာတော့သည်။ လမ်းတွင်အစ်ကို

နှင့်အစ်ကို၏နောက်လိုက်နောက်သားများ ခုတ်လဲသွားသော သစ်ပင်များနှင့်ခနိပင်များကိုတွေ့ရသည်။ အပင်များသည်ကြီးပြင်းလာပြီး အရွက်များထွက်လာသည်။ ညီငယ်ဖြစ်သူနှင့် နောက်လိုက်နောက်ပါများက အစ်ကိုဖြစ်သူနှင့်နောက်လိုက်နောက်သားများသည် တောင်အရပ်တွင် ကြာမြင့်စွာရောက်သွားနှင့်ပြီဟု တွေးထင်မိကြသည်။ သို့ဖြင့်သူတို့နောက်ကို အမှီလိုက်ရန်အတွက် အလွန်ခက်ခဲမည်ဖြစ်သည်။ ယင်းတို့သည် နောက်သို့ပြန်လှည့်လာပြီး မြောက်အရပ်သို့ခရီးသွားဖို့ဆုံးဖြတ်လိုက်ကြသည်။ (ယနေ့ကရင်နီအမျိုးသားတို့က သူတို့၏လူမျိုးတချို့သည် တောင်အရပ်ဒေသတစ်နေရာရာတွင် နေထိုင်ကြသည်ဟုယုံကြည်ထားသည်)။

ကယားလီးပယ်နှင့် နောက်လိုက်နောက်ပါများသည် သံလွင်မြစ်ကိုဖြတ်ကျော်ပြီး မြောက်အရပ်သို့ထွက်ခွာလာခဲ့သည်။ မြောက်အရပ်တွင်ရှိသော လောလီးလူဟုခေါ်သည့်နေရာသို့ ရောက်သွားကြသည်။ လောလီးလူနေရာတွင် ကျောက်တုံးကြီးကြီးတစ်လုံးသည် အခြားကျောက်တုံးတစ်လုံး၏အပေါ်တွင်ရှိနေသည်။ (နောင်အခါမွန်အမျိုးသားများရောက်လာကြပြီး ထိုကျောက်တုံးကြီး၏ထိပ်တွင် ဘုရားတစ်ဆူတည်လိုက်သည်။ နောင်တွင် ၎င်း၏နေရာသည် ကျိုက်ထီးရိုးဟုအမည်တွင်လာသည်။) ကယားလီးပယ်နှင့်သူ့လူများသည် ထိုနေရာတွင် နှစ်ပေါင်းများစွာနေထိုင်လာခဲ့ကြသည်။ သို့သော် ထိုနေရာတွင်မိုးများသဖြင့် တောင်ယာများပျက်စီးကုန်သည်။ ကယားလီးပယ်သည် မြောက်အရပ်ဖက်သို့ ရွှေ့ပြောင်းချင်သဖြင့် သူ၏နောက်လိုက်ပါများကိုစုဝေးခေါ်ပြီး မြောက်အရပ်သို့ ခရီးထွက်လာခဲ့သည်။ ထိုသူတွေကို ကယားလီးဖူး(လူနီ)ဟုအများကသိလာကြသည်။ သူတို့သည်မြောက်အရပ်ဖြစ်သောဒီမောဆိုတောင်ရှိရာသို့ ရွှေ့ပြောင်းသွားသည်။ ထိုနေရာကိုဝိဉာဉ်နှင့်နတ်တို့က စိုးမိုးအုပ်ချုပ်သည်။ ထိုနေရာတွင် သူတို့တိုင်းပြည်ကိုထူထောင်ပြီး ဒီမောဆိုကိုင် (ဒီမောဆိုတိုင်းပြည်) ဟုခေါ်ဆိုသည်။ နောက်ပိုင်းမြန်မာလူမျိုးများဝင်ရောက်လာကြသောအခါသူတို့ကထိုတိုင်းပြည်ကိုငွေတောင်ကြီးဟုခေါ်ဆိုသည်။ ထို့နောက် ဒီမောဆိုးဘုရင်၏အမျိုးအနွယ်သည် လူတစ်ဝက်နတ်တစ်ဝက်ဖြစ်သွားသည်။ ထိုဘုရင်သည် သမီးခုနစ်ဖော်ရှိပြီး ထိုသမီးခုနစ်ဖော်သည်ပျံသန်းသွားနိုင်သည်။ ဒီမောဆိုတွင်ရှိသောကယားလီးဖူးတို့က သူတို့ကိုကညားမော် (နတ်သမီးတစ်ဝက်လူတစ်ဝက်) ဟုခေါ်ဆို

သည်။ ဗမာလူမျိုးတို့က ထိုသူတို့ကို ဒွေးမယ်တော်ဟုခေါ်ဆိုသည်။ နောင်တဖြည်းဖြည်းတွင် ကယားလီးဖူးတို့က ဤတိုင်းပြည်ကို ကညားမော်ကိုင်ဒီမောဆိုးဟုခေါ်ကြပြီး မြန်မာလူမျိုးတို့က ဒွေးမယ်တော်၏ငွေတောင်ပြည်ဟုခေါ်ကြသည်။

ထို့အတူ အချိန်ကြာလာသည်နှင့်အမျှကယားလီဖူးဆိုသည့်အမည်ကိုလည်းကယားဟုသာ အတိုကောက်ခေါ်လာကြသည်။ သာသာစကားမျိုးစုံအပေါ်မူတည်၍ကယားလီးဖူးကိုနာမည်အမျိုးမျိုးပေး၍ခေါ်ဆိုကြသည်။ ဗမာအမျိုးသားများ ဝင်ရောက်လာကြသောအခါ ကယားလီးဖူးတို့အား ကိုယ့်ကိုယ်ကိုယ်မည်သို့ခေါ်ဆိုသည်ဟုမေးသောအခါ သူတို့ကသူတို့ကိုယ်သူတို့ကယားလီးဖူး (လူနီ) လို့ခေါ်ဆိုသည်ဟုဖြေဆို၏။ ထို့ကြောင့် ဗမာလူမျိုးတို့က သူတို့ကိုကရင်နီဟုခေါ်ဆိုသည်။ ရှမ်းအမျိုးသားတို့က သူတို့ကို ယမ်းလမ် (ကရင်နီ) ဟုခေါ်ဆိုပြီး အင်္ဂလိပ်ဘာသာဖြင့် ကရင်နီ (Karenni) ဟုခေါ်ဆိုသည်။ ယနေ့ကယားလီးဖူး၏တိုင်းပြည်သည် “ကရင်နီပြည်နယ်” ဟုအမည်တွင်လာခဲ့သည်။

## မှီငြမ်းကိုးကားထားသောစာအုပ်များ

- The Mythology of the Karenni People-Stage one to Fouth, Karenni Literature Department

– တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ–၁၉၆၇ ခုနှစ်

• • • • • • • • • • • • • • • •